ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်၊ သောကြာနေ့၊ (24-6-2011) (၆၈၀၀)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ပြည်ထောင်စုတရားလွှတ်တော်ချုပ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၂၃

ပြည်ထောင်စုတရားလွှတ်တော်ချုပ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အဆိုပါရုံးပရဝဏ်နှင့် ရုံးပတ်လည်တို့၌ ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး တက်ရောက်၍ ကျွန်းပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများက သတ်မှတ်နေရာများ၌ ပျဉ်းကတိုးပင်၊ ကုက္ကိုပင်၊ မဟော်ဂနီပင်၊ ကံ့ကော်ပင်များကို စိုက်ပျိုးပေးကြပြီး အရာထမ်း၊ အမှုထမ်းများက ရတနာတန်းဝင်အပင်များနှင့် အရိပ်ရလေကာပင်များကို စိုက်ပျိုးကြရာ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများက လိုက်လံကြည့်ရှုအားပေးကြသည်။

ယနေ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် စိုက်ပျိုးသည့် သစ်ပင်များမှာ ကျွန်း၊ ပျဉ်းကတိုး၊ ကုက္ကို၊ မဟော်ဂနီ၊ ခရေ၊ ကံ့ကော်၊ စိန်ပန်းကြီး၊ ရင်းမာပင်နှင့် ရေတမာပင် စုစုပေါင်း အပင် ၆၀၀ ကျော်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အောင်မြင်ဖြစ်ထွန်းနေသည့် သစ်မွှေးပင်ကို တွေ့ရစဉ်။

သစ်မွှေးပင်များ အောင်မြင်ဖြစ်ထွန်း

ယနေ့ ကမ္ဘာ့ဈေးကွက်တွင် ရောင်းပန်းလှကာ ဈေးကောင်းရ အကျိုးအမြတ်ဖြစ်ထွန်းနေသော နှစ်ရှည်ပင်မျိုးဝင် အကျော်ပင်(ခေါ်)သစ်မွှေးပင်များကို ယခုအခါ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုး၊ သီပေါ၊ ကျောက်မဲ၊ နောင်ချိုမြို့နယ်များရှိ ရှမ်းတောင်သူအချို့ စိုက်ပျိုးလာကြသည်။

ကမ္ဘာ့ဈေးကွက်တွင် သစ်မွှေးအဆီ တစ်ကီလိုလျှင် အမေရိကန်ဒေါ်လာ ၄၀၀၀ ဈေးရှိပြီး အရည်အသွေးမီ သစ်မွှေးတစ်ကီလိုလျှင် ဒေါ်လာ ၁၀၀၀၀ မှ ၂၀၀၀၀ အထိ ဈေးရှိသည်ဟု သိရသည်။

ကျောက်မဲမြို့နယ် တံခွန်တိုင်ကျေးရွာအုပ်စု ခဲမွန်ရွာတွင် စိုက်ပျိုးထားသော အကျော်ပင်(ခေါ်)သစ်မွှေးပင် (AGAR-WOOD) များမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။ အဆိုပါ သစ်မွှေးစိုက်ပျိုးသူ ရှမ်းတောင်သူ ဦးစိုင်းအောင်ခင်သည် ၎င်းပိုင်နဂါးမောက်ပင်များနှင့် **စာမျက်နှာ ၈ ကော်လံ ၃ သို့ ◯**

ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများဆင်းပွဲ ကျင်းပ

ကြီးကျယ်ခမ်းနားသည့်အဆောက်အအုံ၊ ခေတ်မီပြည့်စုံသည့်အသုံးအဆောင်များသာမက ဧည့်ဝတ်ကျေပွန်သည့်ဝန်ဆောင်မှုကိုပါ ဆောင်ရွက်ရန် ပြည်ထောင်စုဝန်ကြီး မှာကြား

နေပြည်တော် ဇွန် ၂၃

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် နေပြည်တော် ဟိုတယ်လုပ်ငန်းရှင်များအသင်းက ဦးဆောင်ဖွင့်လှစ်သည့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC) ၌ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အမှာစကားပြောကြားရာတွင် သင်တန်းပြီးဆုံးအောင်မြင်ကြသူများအနေဖြင့် မိမိတို့ ဝင်ရောက်လုပ်ကိုင်နေသော ဟိုတယ်များသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုသည့် (Green Hotel) များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လိုက်လျောညီထွေမှုအဖြစ်ဆုံးဟိုတယ် (Eco-Friendly Hotel) များ၊ အဆင့်အတန်းနှင့် အရည်အသွေးမြင့်မားသည့် (Star Hotel) အဆင့်ဝင် ဟိုတယ်များစာရင်းတွင် ပါဝင်နိုင်ရေးအတွက် အာဆီယံနိုင်ငံများ၏ သတ်မှတ်ချက်များအတိုင်း ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ မိမိတို့ တာဝန်ထမ်းဆောင်နေသော ဟိုတယ်များကိုလည်း အာဆီယံနိုင်ငံများအတွင်း နှစ်စဉ် ဟိုတယ်များအား ချီးမြှင့်သည့် (Green Hotel) ဆု ရရှိရေးကိုလည်း တစ်ဖက်တစ်လမ်းက ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဟိုတယ်လုပ်ငန်း၏ သဘောသဘာဝသည် ကြီးကျယ်ခမ်းနားသည့် အဆောက်အအုံ၊ ခေတ်မီပြည့်စုံသည့် အသုံးအဆောင်များသာမက ဧည့်ဝတ်ကျေပွန်သည့် ဝန်ဆောင်မှုကိုပါ ဆောင်ရွက်နိုင်မှ ပြီးပြည့်စုံသည့် နိမိတ်ပုံကောင်းကို ရရှိနိုင်မည်ဖြစ်ကြောင်း။

အထူးသဖြင့် မိမိတို့ တာဝန်ယူနေကြသည့် လုပ်ငန်းဌာနနှင့် ဟိုတယ်တစ်ခုလုံးအတွက် ဝန်ဆောင်မှု အရည်အသွေး ကျဆင်းမသွားအောင်၊ ဝန်ဆောင်မှု ပိုမိုကောင်းမွန်အောင်၊ လာရောက်တည်းခိုသည့် ဧည့်သည်များအား (Repeated Visitor) အဖြစ် သတိတရဖြစ်စေပြီး အကြိမ်ကြိမ်လာရောက်လည်ပတ်စေရန်၊ မှန်ကန်ကောင်းမွန်သော **စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးတင့်ဆန်း ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းများတွင် ထူးချွန်စွာအောင်မြင်ခဲ့သူတစ်ဦးအား သင်တန်းထူးချွန်ဆု ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

၂၄ - ၆ - ၂၀၁၁
(သောကြာနေ့)

ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထိန်းသိမ်းထားဝစဉ်

မြန်မာ့ယဉ်ကျေးမှုသည် နှစ်ပေါင်းထောင်နှင့်ချီ၍ ဖြစ်တည်ထွန်းကားလာခဲ့သည်။ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်ဓလေ့တို့သည် ယနေ့ကာလအထိ ခန့်ထည်တည်တံ့ ခိုင်ခံ့နေဆဲဖြစ်သည်။

ယဉ်ကျေးသောနိုင်ငံ၊ သိမ်မွေ့သောလူမျိုးများပီပီ မိမိနိုင်ငံ၏ယဉ်ကျေးမှုကို မြတ်နိုးတန်ဖိုးထားတတ်ရပေမည်။ မိမိလူမျိုး၏ အမျိုးသားရေးဂုဏ်ဒြပ်မြင့်မားနေစေရေး ထာဝစဉ်ထိန်းသိမ်းမြှင့်တင်ကြရပေမည်။ မိမိတို့ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းနိုင်ခြင်း၊ စောင့်ရှောက်နိုင်ခြင်း အားနည်းလာပါက အမျိုးဂုဏ်၊ ဇာတိဂုဏ်လျော့ပါးလာပြီး နိုင်ငံနှင့်လူမျိုးပါ ပျောက်ကွယ်သွားနိုင်သည်ကို သတိပြုကြရမည်ဖြစ်သည်။

မျက်မှောက်အချိန်အခါတွင် ကမ္ဘာ့နိုင်ငံများ ဆက်စပ်ယှက်နွှယ် ပြောင်းလဲမှုများနှင့်အတူ နိုင်ငံတကာမှ ယဉ်ကျေးမှုဓလေ့စရိုက်များ စိမ့်ဝင်ထိုးဖောက်လာလျက်ရှိသည်။ အနောက်တိုင်းယဉ်ကျေးမှုဓလေ့ထုံးစံများကို အင်တာနက်၊ ဂြိုဟ်တုစလောင်းတို့မှတစ်ဆင့် ထိတွေ့သိမြင်နေကြပြီ။ ကမ္ဘာ့ရွာကြီးထဲတွင် နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများကို လွှမ်းမိုးနိုင်သည့်စွမ်းပကား၊ ချေဖျက်နိုင်သည့် အနေအထားများ လွယ်လွယ်ကူကူ ဖြစ်ပေါ်နိုင်သည်။

ယနေ့ခေတ်လူငယ်လူရွယ်များအကြား တိုင်းတစ်ပါးတေးဂီတ၊ အနုပညာ အဆိုအက၊ ဝတ်စားဆင်ယင်မှုမှအစ လူနေမှုဓလေ့စရိုက်၊ လူနေမှုပုံစံများ၊ နေထိုင်ပြောဆိုဆက်ဆံမှုများအထိ လျင်လျင်မြန်မြန် လွှမ်းမိုးလာလျက်ရှိသည်။ အထူးသဖြင့် မိန်းကလေးငယ်များ၏နေထိုင်မှုပုံစံများ ရဲတင်းပွင့်လင်းလာနေပြီ။ အဝတ်အစား ဝတ်ဆင်မှု၊ လှုပ်ရှားသွားလာမှုများအလွန်အကျွံဖြစ်စပြုလာကြပြီ။ အပျော်အပါး စိတ်ခံစားမှုများ နောက်လိုက်ပြီး ထင်ပေါ်လိုခြင်း၊ ကြွားဝါလိုခြင်းတို့ကြောင့် မိမိကိုယ်ကိုယ် တန်ဖိုးထားတတ်သည့် အလေ့အထများ ပျောက်ကွယ်လုနီးပါးဖြစ်လာကြပေပြီ။

လူမှုပတ်ဝန်းကျင်တွင် ပြောင်းလဲမှုလှိုင်းများ၏ ရိုက်ခတ်မှုဒဏ်ကို မြန်မာအမျိုးသမီးငယ်များ ကြံ့ကြံ့ခံ ရင်ဆိုင်ကျော်လွှားကြရပေမည်။ စီးပွားရေးနယ်ပယ်၊ အနုပညာနယ်ပယ်၊ လူမှုဆက်ဆံရေးနယ်ပယ်တို့တွင် မိမိတို့၏ ကိုယ်ကျင့်တရားနှင့် သိက္ခာကို ထိန်းသိမ်းကြရန်လိုအပ်သည်။ အသိအမြင် ဗဟုသုတအတွေးအခေါ်များ ခေတ်နှင့်အညီ တိုးတက်မြင့်မားလာခြင်းသည် ကောင်းသောလက္ခဏာရပ်ဖြစ်သည်။ မြန်မာ့ဓလေ့စရိုက်နှင့်မကိုက်ညီသည့် ပြည်ပယဉ်ကျေးမှုများကို အထင်ကြီး ပုံတူမကူးမိကြစေရန်မူ သတိပြုကြရပေမည်။

အမျိုးသားယဉ်ကျေးမှုကို တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်ခြင်းသည် နိုင်ငံသားအားလုံးနှင့် သက်ဆိုင်သည်။ လူတိုင်း လူတိုင်းက ပြည်ပယဉ်ကျေးမှု၊ လူနေမှုဓလေ့စရိုက်နှင့် ဟီရိဩတ္တပ္ပကင်းမဲ့သည့် ပြုမူပြောဆိုနေထိုင်မှုများကို ခေတ်ရေစီးကြောင်းဟု သတ်မှတ်ယူဆကာ အတုယူမမှားကြစေရေး အသိတရားဖြင့် ဆင်ခြင်ရှောင်ကြဉ်သွားကြရန် သုံးသပ်တင်ပြလိုက်ရပေသည်။ ။

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များ အသင်းမှ အသင်းဝင် ဒေါ်အေးအေးမူ ဇွန် ၂၀ရက်မှ ၂၄ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်း ပင် မြို့၌ ကျင်းပသည့် Course on Creative Entrepreneurship သင်တန်းသို့ တက်ရောက်ရန် ဇွန် ၁၉ ရက် နံနက်ပိုင်းက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီ ပို့ဆောင်သူများနှင့်အတူ တွေ့ရစဉ်။ (ကြေးမုံ)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၃-၆-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၆၀၄၉	၀. ၀၃၂၆၇
တရုတ် (ယွမ်)	၆. ၄၇၁၅၀	၀. ၁၅၄၅၃
အိန္ဒိယ (ရူပီး)	၄၄. ၉၅၀၀	၀. ၀၂၂၂၅
မလေးရှား (ရင်းဂစ်)	၃. ၀၃၃၆၀	၀. ၃၂၉၆၄
စင်ကာပူ (ဒေါ်လာ)	၁. ၂၃၈၂၄	၀. ၈၀၇၆၀
ဂျပန် (ယန်း)	၈၀. ၆၉၆၄	၀. ၀၁၂၃၉
တောင်ကိုရီးယား(ဝမ်)	၁၀၇၆. ၈၀	၀. ၀၀၀၉၃
ယူရို	၀. ၇၀၅၉၀	၁. ၄၁၆၆၂
ဗြိတိသျှ (ပေါင်)	၀. ၆၂၆၁၆	၁. ၅၉၇၀၄

အင်တာနက်။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော်ဝန်ထမ်းအိမ်ရာများ၌ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု စစ်ဆေးရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဇွန် ၂၃

နေပြည်တော် ဝန်ထမ်းအိမ်ရာများ၌ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု စစ်ဆေးရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော် မြို့တော်ဝန် ဦးသိန်းညွန့် တက်ရောက် အမှာစကား ပြောကြားသည်။ (အောက်ပုံ)

အဆိုပါ အစည်းအဝေးသို့ ဝန်ထမ်းအိမ်ရာများ စိုက်ပျိုးရေးလုပ်ငန်း စစ်ဆေးရေးအဖွဲ့ဝင်များဖြစ်ကြသော ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ရုံးအဖွဲ့မှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ခူးဆွတ်စားသုံးနိုင်

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်မြို့တော်ဝန်က နေပြည်တော် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သန့်ရှင်း၊ သပ်ရပ်၊ သာယာ၊ လှပ၊ စိမ်းလန်းစိုပြည်ရေးအတွက် နေပြည်တော်စည်ပင်သာယာရေးကော်မတီက မြို့တော်ခန်းမနှင့် ဝန်ထမ်းအိမ်ရာများ၊ လမ်းလယ်ကျွန်းများ၊ လမ်းအရှည် ၂၈ မိုင်ရှိ လမ်းဘေးဝဲ၊ ယာများ၌ ရောင်စုံဖူးပွင့်နေသော နှစ်ရှည်ပန်းအလှပင်များ၊ ရာသီပန်းအလှပင်များ၊ အရိပ်ရစားပင် စုစုပေါင်း အပင်ရေ ၁၂ သိန်းကျော် စိုက်ပျိုးပေးခဲ့ပြီးဖြစ်ကြောင်း၊ သစ်တောရေးရာဝန်ကြီးဌာနကလည်း နေပြည်တော် စိမ်းလန်းစိုပြည်ရေးအတွက် ရတနာတန်းဝင်အပင်များ သုံးသန်းခွဲခန့် စိုက်ပျိုးပေးခဲ့ပြီး ယခုနှစ်တွင် ရတနာတန်းဝင်အပင်များ၊ နှစ်ရှည်အပင်ကြီးများကို လူနှစ်ဦးလျှင် တစ်ပင်နှုန်းဖြင့် စုစုပေါင်း အပင်ရေ ခုနစ်သိန်းကျော် စိုက်ပျိုးနေဆဲဖြစ်ကြောင်း၊ အစိုးရအဖွဲ့အစည်း၊ ဝန်ကြီးဌာနရုံးများကိုလည်း သစ်ပင်စိုက်ပျိုးရန်အတွက် စိုက်ပျိုးမြေများ သတ်မှတ်ပေးပြီး သစ်ပင်များကို စိုက်ပျိုးစေခဲ့သည့်အတွက် နေပြည်တော် တစ်ခွင်လုံး စိမ်းလန်းစိုပြည် သာယာလှပလျက်ရှိကြောင်း၊ ဝန်ထမ်းအိမ်ရာများ၌ ဝန်ထမ်းများကိုယ်တိုင် စိုက်ပျိုးခြင်းဖြင့် အသီးအနှံများကို ဈေးများသို့ သွားရောက်ရန်မလိုဘဲ အလွယ်တကူ အချိန်အခါမရွေး ခူးဆွတ်စားသုံးနိုင်ခြင်း၊ ဓာတ်မြေဩဇာ၊ ဓာတုပိုးသတ်ဆေးကင်းစင်ပြီး သန့်ရှင်းလတ်ဆတ်သည့် သီးနှံများ စားသုံးနိုင်ခြင်း၊ သီးနှံပင်များကို မိမိကိုယ်တိုင် ပေါင်းသင်မြေဆွ မြေဩဇာထည့် ရေလောင်းစိုက်ပျိုးရသဖြင့် ကိုယ်လက်လှုပ်ရှားမှုရှိပြီး ကျန်းမာရေးနှင့် ညီညွတ်ခြင်း၊ ယင်းသို့ မိမိစားသုံးရန် စိုက်ပျိုးခြင်းဖြင့် တစ်ဖက်ကလည်း ချီးမြှင့်သည့်ဆုများကို ထိုက်ထိုက်တန်တန် ရရှိနိုင်ခြင်း အစရှိသည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ထားရှိမှုကို ဝန်ထမ်းအိမ်ရာ စိုက်ပျိုးရေးလုပ်ငန်း စစ်ဆေးရေးအဖွဲ့များဖြင့် လိုက်လံစစ်ဆေးသွားမည်ဖြစ်သည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ကြပ်မတ်ဆောင်ရွက်ကြရန် စသည်ဖြင့် အမှာစကား ပြောကြားသည်။

ထို့နောက် ဝန်ထမ်းအိမ်ရာ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု စစ်ဆေးရေးအဖွဲ့ အတွင်းရေးမှူး နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင် ဦးသန်းရှိန်က လုပ်ငန်းဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး စစ်ဆေးရေးအဖွဲ့ခွဲ ဥက္ကဋ္ဌများက အဖွဲ့ခွဲအလိုက် ဆောင်ရွက်ထားရှိမှုများ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်မြို့တော်ဝန်က နိဂုံးချုပ် အမှာစကားပြောကြားရာတွင် နေပြည်တော်ရှိ ဝန်ထမ်းအိမ်ရာများ၌ နှစ်ရှည်၊ ရာသီစားသုံးသီးနှံများ စိုက်ပျိုးရေးနှင့်ပတ်သက်သည့် စစ်ဆေးရေးအဖွဲ့များမှ စစ်ဆေးတွေ့ရှိချက်များအပေါ် မူတည်ပြီး တိုက်အလိုက်နှင့် တစ်ဦးချင်းအကောင်းဆုံးဆုများကို ယခင်နှစ်များကထက် အရေအတွက်နှင့် ဆုတန်ဖိုးများ ပိုမိုချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ ယင်းသို့ ယှဉ်ပြိုင်ဆောင်ရွက်ခြင်းအားဖြင့် နေပြည်တော် သန့်ရှင်း၊ သပ်ရပ်၊ သာယာ၊ လှပ၊ စိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုသွားမည်ဖြစ်ကြောင်းစသည်ဖြင့် မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

သင်ထောက်ကူပရောဂျက်ရေးနည်း ကွန်ပျူတာသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၃

အမှတ်(၁) အခြေခံပညာဦးစီးဌာနနှင့် Soft Guide Co., Ltd. တို့ ပူးပေါင်းဖွင့်လှစ်သည့် သင်ထောက်ကူပရောဂျက်ရေးနည်း ကွန်ပျူတာသင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ အမှတ်(၁) အခြေခံပညာဦးစီးဌာန ICT ခန်းမ၌ ကျင်းပရာ အမှတ်(၁)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်သူက သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းနည်းပြဆရာနှစ်ဦးနှင့် သင်တန်းထူးချွန်သူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ **(ယာပုံ)**

(သတင်းစဉ်)

ရေတာရှည်မြို့နယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းမည်

ရေတာရှည် ဇွန် ၂၃

ရေတာရှည်မြို့နယ်အသင်း(ရန်ကုန်)၏ စတုတ္ထအကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၁၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဂွတ္တာလစ် မင်းလမ်း ဗဟန်းမြို့နယ် ယောဇနာရာမ ပရိယတ္တိ စာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ အသင်းဥက္ကဋ္ဌ ဦးမောင်မောင်ကြည် ဖုန်း-၀၉-၉၀၄၂၄၇၁၊ ဒုတိယဥက္ကဋ္ဌ ဦးနေဆန်း ဖုန်း-၀၉-၅၁၅၄၉၈၃ နှင့် အတွင်းရေးမှူး ဦးရဲမြင့်ဖုန်း-၀၁-၇၀၆၇၂၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ပို့ကုန်၊ သွင်းကုန်လုပ်ထုံးလုပ်နည်းသင်တန်း ဖွင့်မည်

နေပြည်တော် ဇွန် ၂၃

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံး၌ ပို့ကုန်၊ သွင်းကုန် လုပ်ထုံးလုပ်နည်းသင်တန်း အမှတ်စဉ်(၃၈)ကို ဇူလိုင် ၄ ရက်မှ ၂၇ ရက်အထိ ရုံးပိတ်ရက်မှအပ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၃ နာရီ ၄၅ မိနစ်အထိ ဖွင့်လှစ်မည်ဖြစ်သည်။

တက်ရောက်လိုသူများသည် အမှတ်(၂၂၈/၂၄၀) ကမ်းနားလမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန သင်တန်းခန်းမ၌ ဇွန် ၂၇ ရက်မှစ၍ စာရင်းပေးသွင်းနိုင်သည်။ (သတင်းစဉ်)

ဆိပ်ကြီးခနောင်တိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ကြေး ပေးအပ်ပွဲကို မေ ၃၁ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးစောညီညီထွေး ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်စဉ်။ (မြို့နယ်ပြန်/ဆက်)

အာဆီယံနှင့် ရုရှားနိုင်ငံတို့အကြား စွမ်းအင်ပူးပေါင်းဆောင်ရွက်ရေးနှင့် ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး အပြန်အလှန်ဆွေးနွေး

နေပြည်တော် ဇွန် ၂၃

(၈)ကြိမ်မြောက် အာဆီယံ-ရုရှား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ဇွန် ၂၃ ရက်တွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများနှင့် ညွှန်ကြားရေးမှူးချုပ်များ ခေါင်းဆောင်သော ကိုယ်စားလှယ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြသည်။

အဆိုပါ အစည်းအဝေးတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Alexey N. Borodavkin နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေတို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံသည် အာဆီယံ-ရုရှား ဆွေးနွေးဖက်ဆက်ဆံရေး၏ ညှိနှိုင်းရေးတာဝန်ခံနိုင်ငံအဖြစ် ၂၀၀၉ ခုနှစ်မှ စတင်၍ ထမ်းဆောင်ခဲ့ရာ (၈)ကြိမ်မြောက် အာဆီယံ-ရုရှား ပူးတွဲပူးပေါင်းဆောင်ရွက်ရေး ကော်မတီအစည်းအဝေး၊ (၇)ကြိမ်မြောက် အာဆီယံ-ရုရှား စီမံကိန်းနှင့် စီမံရေးရာ ကော်မတီအစည်းအဝေးနှင့် ဒုတိယအကြိမ်မြောက် အာဆီယံ-ရုရှား ထိပ်သီးအစည်းအဝေးဆိုင်ရာ အာဆီယံ-ရုရှား လုပ်ငန်းအဖွဲ့ အစည်းအဝေးများကို ၂၀၀၉ ခုနှစ် နိုဝင်ဘာ ၂၅၊ ၂၆ ရက်တို့တွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပခဲ့သည်။

ယခုအစည်းအဝေးတွင် အာဆီယံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့၏ ဖွံ့ဖြိုးတိုးတက်မှုအပေါ် ဆွေးနွေးခဲ့ကြပြီး ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။ အာဆီယံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား ဆက်ဆံရေးအပေါ် ပြန်လည်သုံးသပ်ခြင်းနှင့် အနာဂတ်ဦးတည်ချက်များကို ဆွေးနွေးရာ၌ အာဆီယံ-ရုရှား စွမ်းအင်ပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းအစီအစဉ် အကောင်အထည်ဖော်ရေးကိစ္စ၊ အကြမ်းဖက်မှုဆန့်ကျင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ အရေးပေါ်အခြေအနေ၌ စီမံခန့်ခွဲနိုင်ရန် လုပ်ငန်းဆောင်ရွက်မှု၊ အာဆီယံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား အပြန်အလှန် အကျိုးစီးပွားအတွက် (၂၀၀၅-၂၀၁၅)အကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်မည့်လုပ်ငန်းအစီအစဉ် အကောင်အထည်ဖော်ခြင်း၊ ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု လမ်းပြမြေပုံ၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များအပေါ်၌လည်း ဆွေးနွေးခဲ့ကြသည်။

ယနေ့ အစည်းအဝေး၌ (၉)ကြိမ်မြောက် အာဆီယံ-ရုရှား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ၂၀၁၂ ခုနှစ်တွင် ရုရှားနိုင်ငံ၌ ကျင်းပရန် သဘောတူဆုံးဖြတ်ခဲ့ကြသည်။

ညနေပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်က အစည်းအဝေး တက်ရောက်လာသည့် ကိုယ်စားလှယ်များအား ရွှေနန်းတော်ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး ယဉ်ကျေးမှု ပဒေသာအကများဖြင့် ဖျော်ဖြေခဲ့သည်။ (သတင်းစဉ်)

(၈)ကြိမ်မြောက် အာဆီယံ-ရုရှား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး ကျင်းပစဉ်။

(သတင်းစဉ်)

မြန်မာ-ကျူးဘား စီးပွားရေးအခွင့်အလမ်းများနှင့် ခရီးသွားလုပ်ငန်းများဆိုင်ရာ ဆွေးနွေး

ရန်ကုန် ဇွန် ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် အဖွဲ့ဝင်များအား ထိုင်းနိုင်ငံအခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကျူးဘားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Lazaro HERRERA MARTINEZ သည် ဇွန် ၂၁ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ အသင်းချုပ်ရုံး၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ယင်းသို့ တွေ့ဆုံရာတွင် မြန်မာ-ကျူးဘား စီးပွားရေးဆက်ဆံမှု ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးကိစ္စ၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းများပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စ၊ မြန်မာနိုင်ငံ၌ ဆောင်ရွက်လုပ်ကိုင်နိုင်မည့် စီးပွားရေးအခွင့်အလမ်းများဆိုင်ရာကိစ္စတို့ကို ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၆-၂၀၁၁ (သောကြာနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ အာဋာနာဋိယသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ “ဝိပါက်” တရားတော် (ဆရာတော်ဘဒ္ဒန္တဝေပုလ္လဇောတိ)
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နွေးထွေးသောမေတ္တာ” (အပိုင်း-၄၄)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အနားမညီအချစ်” (အပိုင်း-၁၀၂)**
၈း၅၀ ပတ္တမြားမြေကသာသနာ့အလင်း. . . တောင်စဉ်တောအနှံ့. . . ပြန့်လေပြီ. . .
၉း၁၀ Activities In The City
၉း၂၀ Activities In The City
၉း၃၀ Movie Talk
၉း၅၅ ဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်းကြီး၏ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းအောင်ပွဲ
၁၀း၁၅ ရန်ကုန်မြင်ကွင်းကျယ်
၁၀း၃၀ ဖက်ရှင်လမ်းညွှန်
၁၀း၅၅ အလှူများနှင့်ပီတိဝေဖြာ မြန်မာစိမ်းလန်းမြေပရဟိတဂေဟာ
၁၁း၁၀ ရန်ကုန်မြင်ကွင်းကျယ်
၁၁း၃၅ MRTV-4 ကာတွန်းအစီအစဉ်
၁၂း၀၅ သားတော်များစေတီတော်ထီးတော်တင်ပွဲ
၁၂း၂၀ အရည်အသွေးမြင့်တင် ဈေးကွက်ဝင် ရော်ဘာစိုက်ပျိုးဝင်ငွေတိုး
၁၂း၄၀ ကိုယ်ပိုင်ဟန်ဖက်ရှင်
၁း၀၀ “ဝိပါက်” တရားတော် (ဆရာတော်ဘဒ္ဒန္တဝေပုလ္လဇောတိ)
၂း၀၀ MRTV-4 သတင်း
၂း၂၀ Style ရှိမှ Star ဖြစ်မယ်
၃း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နွေးထွေးသောမေတ္တာ” (အပိုင်း-၄၄)**
၄း၀၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အနားမညီအချစ်” (အပိုင်း-၁၀၂)**
၄း၅၅ မြန်မာဂေါက်သီးရိုက်အသင်း
၅း၁၅ MNL Preview
၅း၄၅ ကူညီဖေးမ ပရဟိတ
၆း၀၀ MRTV-4 သတင်း
၆း၂၀ ရန်ကုန်မြင်ကွင်းကျယ်
၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နွေးထွေးသောမေတ္တာ” (အပိုင်း-၄၅)**
၇း၂၅ The Champion of Dance
၈း၀၀ MRTV-4 သတင်း
၈း၃၀ VJ Choice
၉း၀၅ အနုပညာမိုးကောင်းကင်
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အနားမညီအချစ်” (အပိုင်း-၁၀၃)**
၁၀း၂၀ အပန်းဖြေကြည့်ရှုစရာဇာတ်ကား မိတ်ဆက်ကဏ္ဍမှာ “အဖြူရောင်နှလုံးသားတစ်ထောင့်မှာ”ဇာတ်ကား
၁၀း၃၅ ဂီတသရုပ်ပြခန်း
၁၁း၀၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ
၁၁း၂၀ World of Knowledge
၁၂း၀၅ “ရွှေဖြူ”ဟုခေါ်သည်(အပိုင်း-၂)
၁၂း၃၀ ဖန်တီးသူနှင့်အနုပညာ
၁၂း၅၅ Auream Palace Resort (Ngwe Saung)
၁း၂၅ သူတို့ပြောတဲ့သူတို့အကြောင်း
၁း၅၀ ဒေဝီစေခိုင်းသမင်လိုက်ခန်းနှင့် ကျေးလက်ကကွက်လွှန်စွဲမက်
၂း၀၅ 2 D
၂း၂၀ ဒွိတိုင်းဌာနီရောဝတီ
၂း၄၅ မြန်မာ့လက်ရာ
၃း၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၄း၀၀ ကျန်းမာသန့်ထွားညဏ်မြင့်မား
၄း၁၅ ရင်နှစ်ပန်းတို့လန်းစေချင်
၄း၂၅ သာသနာတော်ထွန်းကား အလှတရားဖြာဝေထားဝယ်မြေ
၄း၅၀ သာယာချို့အေး(၃၈)ဖြာ မင်္ဂလာတေး
၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသူများ BCA စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုနိုင်

ရန်ကုန် ဇွန် ၂၃

စင်ကာပူအမျိုးသား ဖွံ့ဖြိုးရေးဝန်ကြီးဌာန BCA Academy (Building and Construction Authority Academy) တွင် မြန်မာကျောင်းသား၊ ကျောင်းသူများ တက္ကသိုလ်ဝင်အမှတ်စာရင်း၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးရုံနှင့် တက်ရောက်သင်ကြားနိုင်ပြီး မိမိနှစ်သက်ရာ ဘာသာရပ်ကို ရွေးချယ်တက်ရောက်နိုင်ကြောင်း သိရသည်။ Diploma in Design ဘာသာရပ်ကို ရွေးချယ်မည်ဆိုပါက ဝင်ခွင့်စာမေးပွဲတွင် English နှင့် Drawing ဖြေဆိုရမည်ဖြစ်ပြီး အခြားဘာသာရပ်များကို ရွေးချယ်တက်ရောက်မည်ဆိုပါက English နှင့် Maths တို့ကို ဖြေဆိုရမည်ဟု သိရသည်။ Diploma ဘွဲ့ရရှိရန်အတွက် ပညာသင်ကာလမှာ သုံးနှစ်ကြာမြင့်မည်ဖြစ်ပြီး နောက်ဆုံးပညာသင်နှစ်တွင် လက်တွေ့ လုပ်ငန်းခွင်ဝင်ရောက်မှု အတွေ့အကြုံရရှိမည်ဖြစ်သည့်အပြင် လစာများလည်း ရရှိမည်ဖြစ်ကြောင်း Care Forver Services Co., Ltd. မှ တာဝန်ရှိသူတစ်ဦးထံမှ သိရှိရသည်။ ကျောင်းသား၊ ကျောင်းသူများ စတင်လက်ခံနေပြီဖြစ်၍ တက်ရောက်လိုသူများသည် Care Forever မှ ဇူလိုင် ၁၀ ရက်တွင် ကြီးမှူးကျင်းပမည့် BCA ဝင်ခွင့်စာမေးပွဲကို ဝင်ရောက်ဖြေဆိုနိုင်သည်ဟု သိရှိရသည်။ BCA ဝင်ခွင့်စာမေးပွဲ၏ စာရင်းသွင်းလက်ခံပေးခြင်းကို ဇွန် ၃၀ ရက် နောက်ဆုံးထား၍ လက်ခံပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ အသေးစိတ်သိရှိလိုသည်များကို ရန်ကုန် Care Forever Services Co.,Ltd. ဖုန်း-၀၉-၇၃၁၁၃၀၉၂၊ ၀၉-၅၁၆၆၂၄၀ နှင့် ၀၁-၅၆၉၈၁၈ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပြီး မန္တလေးတွင် တက်ရောက်လိုသော ကျောင်းသား၊ ကျောင်းသူများအတွက် ဖုန်း-၀၉-၈၆၂၅၄၄၃နှင့် ၀၉-၄၉၂၂၄၈၅၁ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

တပ်ကုန်းမြို့နယ်၏ ၂၀၁၁-၂၀၁၂ ခုနှစ်အတွက် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များနှင့် လယ်ယာကဏ္ဍစီမံကိန်းသီးနှံများ တာဝန်ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၇ ရက်က အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးလူ စီမံကိန်းသီးနှံများအား အသီးသီးတာဝန်ပေးအပ်စဉ်။ (၀၉၁)

၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်သူများအား ဂုဏ်ပြုပွဲအခမ်းအနားကို ဇွန် ၁၁ ရက်က ကျင်းပရာ ပုသိမ်မြို့နယ် လက်ထောက်မြို့နယ်ပညာရေးမှူး ဦးစန်းငွေ တစ်ဘာသာဂုဏ်ထူးရှင် မောင်ပြည့်ဖြိုးလင်းနိုင်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၅၅၂)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇွန် ၂၃

မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (ရန်ကုန်အနောက်ပိုင်းခရိုင်) ၏ စီမံကြီးကြပ်မှုဖြင့် ယာဉ်မောင်း/ယာဉ်နောက်လိုက်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဆွေးနွေးပွဲ အမှတ်စဉ်(၂/၂၀၁၁)ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် (မထသ)ရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင်(မထသ) ယာဉ်လိုင်းဥက္ကဋ္ဌက အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များကို ရှင်းလင်းပို့ချ ဆွေးနွေးကြသည်။

အဆိုပါ ဆွေးနွေးပွဲကို ဇွန် ၂၄ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး ဌာနခွဲယာဉ်လိုင်းအလိုက် ယာဉ်မောင်း/ ယာဉ်နောက်လိုက် ယာဉ်လုပ်သား ၁၁၆ ဦး တက်ရောက်ကြသည်။ (သတင်းစဉ်)

ဂျပန်နိုင်ငံ အိုကီနာဝါကျွန်းရှိ ဖူတဲမလေတပ်စခန်းကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အိုကီနာဝါရှိ အမေရိကန်လေတပ်စခန်း ပြောင်းရွှေ့ရေး အချိန်ဇယားသတ်မှတ်ချက်ကို ပြင်ဆင်ပြောင်းလဲ

ဝါရှင်တန် ဇွန် ၂၃

ဂျပန်နိုင်ငံ အိုကီနာဝါကျွန်း၌ စစ်ဘက်ဆိုင်ရာ လေယာဉ်ကွင်းသစ်ကို ၂၀၁၄ခုနှစ်ထက်နောက်မကျဘဲ တည်ဆောက်သွားရန် အချိန်ဇယားသတ်မှတ်ခဲ့ကြသော်လည်း ယခုအခါ ယင်းအချိန်ဇယားသတ်မှတ်ချက်ကို နောက်ဆုတ်ရန် အမေရိကန်နှင့် ဂျပန်နိုင်ငံတို့ သဘောတူညီလိုက်ကြကြောင်း ဇွန် ၂၃ရက် သတင်းတွင် ဖော်ပြသည်။

ကနဦးရရှိထားသော သဘောတူညီချက်အရ ဖူတဲမ လေတပ်စခန်းအား အစားထိုးမည့် လေတပ်စခန်းသစ်ကို ၂၀၁၄ ခုနှစ်နောက်ဆုံးထား၍ အပြီးတည်ဆောက်ရန်နှင့် အိုကီနာဝါ ကျွန်းရှိ အမေရိကန် မရိန်းတပ်ဖွဲ့ဝင် ၈၀၀၀ခန့်ကို ဂူအမ်ကျွန်းသို့ ရွှေ့ပြောင်းပေးရန်ဖြစ်သည်။ ပစိဖိတ်သမုဒ္ဒရာအနောက်ပိုင်းရှိ ဂူအမ်ကျွန်းသည် အမေရိကန်နိုင်ငံ၏ ပိုင်နက်နယ်မြေအဖြစ် သတ်မှတ်ခံထားရသော ကျွန်းတစ်ကျွန်းဖြစ်သည်။

အမေရိကန်နိုင်ငံ ဝါရှင်တန်၌ နှစ်နိုင်ငံအစိုးရတာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးခဲ့ကြပြီးနောက် အိုကီနာဝါကျွန်း၌ အမေရိကန် လေယာဉ်ကွင်းသစ် တည်ဆောက်ရေးစီမံကိန်းကာလကို ၂၀၁၄ခုနှစ်ကျော်လွန်ချိန်အထိ နောက်ဆုတ်ရန် သဘောတူညီခဲ့ကြသည်။

အိုကီနာဝါကျွန်းရှိ လက်ရှိ အမေရိကန်လေတပ်စခန်းကို ရွှေ့ပြောင်းပေးရန် ဒေသခံပြည်သူများက တောင်းဆိုခဲ့ကြသည်။ လူနေဒေသနှင့် နီးကပ်သော ယင်းလေတပ်စခန်းကြောင့် အသံဗလံဆူညံမှု၊ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုနှင့် အမေရိကန် တပ်ဖွဲ့ဝင်များ ကျူးလွန်သော ရာဇဝတ်မှုထူပြောမှုတို့ဖြစ်ပေါ်ရကြောင်း ဂျပန်ပြည်သူများက ပြစ်တင်ဝေဖန်ခဲ့ကြသည်။

အင်တာနက်။

အီရတ်ပြန်လည်ထူထောင်ရေးရန်ပုံငွေပျောက်ဆုံးနေမှု သဲလွန်စရှာဖွေရန် အစိုးရကော်မတီဖွဲ့စည်း

ဘဂ္ဂဒက် ဇွန် ၂၃

ပျောက်ဆုံးလျက်ရှိသော အီရတ်ပြန်လည်ထူထောင်ရေးရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁၇ဘီလီယံခန့်နှင့် ပတ်သက်၍ သဲလွန်စများရှာဖွေသွားမည်ဖြစ်ကြောင်း အီရတ်အစိုးရက ဇွန် ၂၂ရက်တွင် ပြောကြားလိုက်သည်။

၂၀၀၃ခုနှစ်က အမေရိကန်ဦးဆောင်သောတပ်ဖွဲ့များက အီရတ်နိုင်ငံကို ကျူးကျော်သိမ်းပိုက်လိုက်ပြီးနောက် ပြန်လည်ထူထောင်ရေး ရန်ပုံငွေအတွက် အသုံးပြုရန် လျာထားသော ငွေကြေးများစွာ ပျောက်ဆုံးခဲ့ရသည်။

အဆိုပါရန်ပုံငွေနှင့်ပတ်သက်၍ အီရတ်စာရင်းစစ်ချုပ်ရုံးက တင်သွင်းသော အစီရင်ခံစာများကို အီရတ်ဝန်ကြီးအဖွဲ့က သုံးသပ်ဆွေးနွေးခဲ့ကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူ အလီအယ်လ်ဒါဘက်ဖ်ရုံးက ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

ကျူးကျော်စစ်ကြောင့်ပျက်စီးခဲ့ရသော အီရတ်နိုင်ငံ ကိုစီနာမြို့အနီးရှိ ကျေးရွာတစ်ရွာ၌ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဆုံးဖြတ်

အီရတ်ဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကြေးများ အလုံးအရင်းဖြင့် ပျောက်ဆုံးခဲ့မှုနှင့်ပတ်သက်၍ ပြည့်စုံသောအစီရင်ခံစာ တစ်စောင်ကို တင်သွင်းရန် အီရတ်အစိုးရက ကော်မတီတစ်ရပ်ကို ဖွဲ့စည်းပြီး တာဝန်ပေးအပ်ရန်ဆုံးဖြတ်ခဲ့ကြောင်း၊ ယင်းကော်မတီကို ဒုတိယဝန်ကြီးချုပ် နူရီရှာဝစ်က ဦးဆောင်မည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

ဖွဲ့စည်းခဲ့

အီရတ်သမ္မတဆက်ဒမ်ဟူစိန်၏ အစိုးရအဖွဲ့ပြုတ်ကျသွားခဲ့ပြီးနောက်ညွှန့်ပေါင်း ယာယီအာဏာပိုင်အဖွဲ့၏ မေတ္တာရပ်ခံချက်အရ အီရတ်ဖွံ့ဖြိုးရေးရန်ပုံငွေကို ထူထောင်ခဲ့သည်။ ကျူးကျော်သိမ်းပိုက်ခံ အီရတ်နိုင်ငံကို အုပ်ချုပ်နိုင်ရန် ညွှန့်ပေါင်းယာယီအာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းခဲ့သည်။

သိမ်းယူခံခဲ့ရသော အီရတ်ပိုင် ဓနဥစ္စာများ၊ စားနပ်ရိက္ခာအတွက် ရေနံရောင်းချခွင့်ရရေးအစီအစဉ်မှ ပိုလျှံနေသော ငွေကြေးများဖြင့် အီရတ်ဖွံ့ဖြိုးရေးရန်ပုံငွေကို မတည်ခဲ့သည်။

ဆင်ဟွာ။

ဥရောပဈေးကွက်သို့ တရုတ်ကုမ္ပဏီများ ထိုးဖောက်

ပေကျင်း ဇွန် ၂၃

ဥရောပ၌ တရုတ်ကုမ္ပဏီများကပြုလုပ်သော ရင်းနှီးမြှုပ်နှံမှုများအနက် အကြီးဆုံးသော ရင်းနှီးမြှုပ်နှံမှုအဖြစ် တရုတ်နိုင်ငံရှိ ဆန်နီကုမ္ပဏီက ဂျာမနီနိုင်ငံတွင် ဆောက်လုပ်ရေးလုပ်ငန်းသုံး စက်ကိရိယာများ ထုတ်လုပ်ရေးစက်ရုံတစ်ရုံကို ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း ဂျာမန်သတင်းဌာနများက ဇွန် ၂၃ရက်တွင် သတင်းထုတ်ပြန်သည်။

ကမ္ဘာ့ထိပ်တန်းစက်မှုဖွံ့ဖြိုးပြီးနိုင်ငံတစ်နိုင်ငံဖြစ်သော ဂျာမနီနိုင်ငံ၌ ဆန်နီကုမ္ပဏီက ဆောက်လုပ်ရေးလုပ်ငန်းသုံး စက်ကိရိယာပစ္စည်းများ တပ်ဆင်ထုတ်လုပ်ရေးစက်ရုံနှင့် ဒီဇိုင်းထုတ်လုပ်ရေးဌာနတို့ကို ထူထောင်ဖွင့်လှစ်ကာ ဥရောပဈေးကွက်အတွင်းသို့ ထိုးဖောက်မည်ဖြစ်သည်။

ဆန်နီကုမ္ပဏီသည် အဆိုပါစက်ရုံကို ဖွင့်လှစ်နိုင်ရန် ယခုအချိန်အထိ ယူရို ၃၅သန်းသုံးစွဲခဲ့ပြီး စီမံကိန်းလုပ်ငန်းပြီးစီးသည်အထိ ယူရိုငွေသန်း ၁၀၀ ကျခံသုံးစွဲရမည်ဖြစ်သည်။ တရုတ်နိုင်ငံ ဟူနန်ပြည်နယ်အခြေစိုက် ဆန်နီကုမ္ပဏီသည် ကရိန်းစက်များ၊ အင်္ဂတေစုပ်တင်ပေးနိုင်သော ပန့်များနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး စက်ကိရိယာများကို ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိသည်။

အင်တာနက်။

အမျိုးအမည်မသိ ရေသတ္တဝါကြီးတစ်ကောင် တရုတ်နိုင်ငံ ကမ်းခြေတစ်ခု၌ တွေ့ရှိ

ကွမ်တုန် ဇွန် ၂၃

တရုတ်နိုင်ငံ၏ ကမ်းခြေတစ်ခု၌ အလျား ၁၅ ပေခန့်ရှိ ရေသတ္တဝါကြီးတစ်ကောင် သောင်တင်လျက်ရှိသည်ကို တွေ့ရှိရကြောင်း ဇွန် ၂၃ ရက်က အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ယင်းသတ္တဝါကြီးသည် ပင်လယ်ရေနက်ပိုင်းမှ သတ္တဝါကြီး တစ်ကောင်ဖြစ်ပြီး ၎င်းအား အမျိုးအမည်ခွဲခြားခြင်း မပြုနိုင်သေးကြောင်းလည်း သိရသည်။

တရုတ်နိုင်ငံ အရှေ့တောင်ပိုင်း ကွမ်တုန်ပြည်နယ်မှ ရရှိသောသတင်းများအရ ယင်းသတ္တဝါကြီး မှာ အလေးချိန် ၄ ဒသမ ၅ တန်ခန့်ရှိသည်ဟုလည်း သိရသည်။

အသက်(၆၆)နှစ်ရှိ တံငါသည် ဟွမ်ဝှ၏ ၎င်းအနေဖြင့် ရေသတ္တဝါကြီးကို တွေ့ရှိရုံနှင့် အလွန်ပင် အံ့အားသင့် မိသည်ဟု ပြောဆိုခဲ့သည်။

အင်တာနက်။

တက္ကဆက်ပြည်နယ်၌ တောမီးများလောင်ကျွမ်း

ဟူစတန် ဇွန် ၂၃

အမေရိကန်နိုင်ငံ၌မိုးခေါင်မှုဒဏ်ခံစားခဲ့ရသောတက္ကဆက်ပြည်နယ်၌ နေရာပေါင်း ၁၇နေရာတွင် တောမီးလောင်လျက်ရှိကြောင်း အမေရိကန်သတင်းဌာနများက ဇွန် ၂၃ရက်တွင် သတင်းထုတ်ပြန်သည်။

တက္ကဆက်ပြည်နယ်၌ တောမီးလောင်မှုများကြောင့် သစ်တောမြေဧက ၁၄၅၆၀၀ ကျော် ပျက်စီးခဲ့ရသည်။

တက္ကဆက်ပြည်နယ်ဂျက်စပါစီရင်စု၌ တောမီးလောင်ကျွမ်းခဲ့ရာ သစ်တောမြေ ဧက ၄၁၀၀ကျော်ပျက်စီးခဲ့သည်။ ဝေါ်ကာစီရင်စု၌ သစ်တောမြေဧက ၂၄၀၀ကျော် တောမီးကြောင့် ပျက်စီးခဲ့ရပြီး နေအိမ်ပေါင်း ၁၆၃လုံးမှ ဒေသခံများ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။ ယခုအခါတွင်မူ တောမီးလောင်ကျွမ်းမှု၏ ၉၀ရာခိုင်နှုန်းခန့်ကို ထိန်းချုပ်နိုင်ပြီဖြစ်သည်။

နယူတန်စီရင်စု၌ သစ်တောမြေဧက ၄၀၀ကျော် မီးလောင်ကျွမ်းခံခဲ့ရသည်။

တက္ကဆက်ပြည်နယ်၌ လောင်ကျွမ်းသော တောမီးများအနက် ဧကပေါင်း ၂၀၀၀၀ပျက်စီးခဲ့ရသော တောမီးကို ၄၀ ရာခိုင်နှုန်းခန့် ထိန်းချုပ်နိုင်ပြီဖြစ်သည်။

ဂရင်စီရင်စု၌ တောမီးလောင်ကျွမ်းမှုကြောင့် နေအိမ် ၂၆လုံးပျက်စီးခဲ့ရပြီး ယင်းဒေသ၌ တောမီးလောင်ကျွမ်းမှုကို ထိန်းချုပ်နိုင်ရန် ကြိုးပမ်းနေရဆဲဖြစ်သည်။

ဆင်ဟွာ။

ဗင်ဂိုး၏ ကိုယ်တိုင်ရေးပုံတူပန်းချီကား ၎င်းညီငယ်ကို ခံစားရေးဖွဲ့ထားခြင်းဖြစ်

သည်ဟိတ် ဇွန် ၂၃

ကမ္ဘာကျော်ပန်းချီဆရာ ဗင်းဆင့်ဗင်ဂိုးရေးဆွဲခဲ့သော ၎င်း၏ ကိုယ်တိုင်ရေးပုံတူ ပန်းချီကားတစ်ကား တစ်ကားသည် ၎င်းမှီခိုခဲ့ရသော ညီငယ် သီအိုကို ခံစားရေးဆွဲခဲ့ခြင်းသာဖြစ်ကြောင်း နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့ရှိ ဗင်းဆင့်ဗင်ဂိုးပြတိုက် ပညာရှင်များက ဇွန် ၂၁ ရက်က ပြောကြားခဲ့သည်။

လက်ရှိကာလ အနုပညာအတွေးအမြင်များအရ ဗင်းဆင့်ဗင်ဂိုးသည် ၎င်း၏ညီငယ်ဖြစ်သူ သီအို၏ပုံတူကို မည်သည့်အချိန်ကမျှ ရေးဆွဲခဲ့ခြင်းမရှိကြောင်း ဗင်ဂိုးပြတိုက်မှ သုတေသီများ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

၁၈၈၇ခုနှစ်တွင် ဗင်ဂိုးရေးဆွဲခဲ့သော အဝါရောင်ဖျော့ဖျော့ ဦးထုပ်နှင့် အပြာရောင်ရင့်ရင့် အပေါ်အင်္ကျီကို ဝတ်ဆင်ထားသည့် ကိုယ်တိုင်ရေးပုံတူပန်းချီကားသည် ဗင်းဆင့်ဗင်ဂိုးအောက် ငါးနှစ်မျှသာငယ်သော ညီငယ်သီအို၏ပုံတူကို ရေးဆွဲထားခြင်းသာဖြစ်ကြောင်း သုတေသီများက ဆိုကြသည်။

အမ်စတာဒမ် ဗင်ဂိုးပြတိုက်မှ သုတေသီများ၏ အဆိုပြုချက်သည် ညီအစ်ကိုနှစ်ဦး၏ နေပုံထိုင်ပုံနှင့် ရုပ်သွင်ပြင်ပေါ် အခြေခံ၍ လေ့လာမှုပြုထားခြင်းဖြစ်သည်။

၁၈၈၇ ပန်းချီကားပါ သီအို၏ မုတ်ဆိတ်မွေး ပုံစံနှင့် အရောင်အသွေးသည် မြေနီရောင်ပိုကဲ၍ ၎င်း၏ မျက်လုံးအရောင်နှင့် ဝတ်စားဆင်ယင်မှုပုံစံကို ပိုမိုစံပြုထားကြောင်း ဗင်ဂိုးပညာရှင်များက ပြောကြားသည်။

၁၈၈၇ ကိုယ်တိုင်ရေးပုံတူသည် ညီငယ်သီအို၏ ပုံစံကို စံပြုရေးဆွဲထားခြင်းဖြစ်ကြောင်း အမ်စတာဒမ်မြို့တော် ဗင်ဂိုးပြတိုက် ဗင်ဂိုးပညာရှင် ဗင်တေးဘော့ဂျ်က ပြောကြားသည်။

ပန်းချီဆရာ ဗင်းဆင့်ဗင်ဂိုးသည် ၎င်း၏အသက် (၃၇) နှစ်အရွယ် ၁၈၉၀ ခုနှစ်၌ ပြင်သစ်နိုင်ငံ ဩဗားမြို့ တွင် ၎င်းကိုယ်၎င်း သတ်သေခဲ့ပြီးနောက် ခြောက်လအကြာတွင် ညီငယ်သီအိုဗင်ဂိုးသည်လည်း သေဆုံးခဲ့ရသည်။

အမ်စတာဒမ်မြို့တော် ဗင်ဂိုးပြတိုက်သည် ဗင်းဆင့်ဗင်ဂိုး၏ ပန်းချီကားများနှင့် ပေးစာများကို အများဆုံးစုဆောင်းထားသော ကမ္ဘာကျော်ပြတိုက်ကြီးတစ်ခုဖြစ်သည်။ **အင်တာနက်။**





အမျိုးအမည်မသိ ရေသတ္တဝါကြီးအား ဒေသခံများ ကြည့်ရှုနေကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

လမ်းအပိုင်းများ တစ်နှစ်အတွင်း ပျက်စီးမှုမရှိအောင် ပီပီပြင်ပြင်ဆောင်ရွက် မိုးတွင်းကာလဖြစ်သည့်အတွက် ပြင်ဆင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ထား

နေပြည်တော် ဇွန် ၂၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် လမ်း/တံတား တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်သည့် ကုမ္ပဏီမှတာဝန်ရှိသူများအား ဇွန် ၂၁ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ တွေ့ဆုံမှာကြားသည်။



ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် လမ်း/တံတား တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်သည့် ကုမ္ပဏီများမှ တာဝန်ရှိသူများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီးက မှာကြားရာ၌ မိမိတို့တာဝန်ယူဆောင်ရွက်ရသည့် လမ်းအပိုင်းများကို တစ်နှစ်အတွင်း ပျက်စီးမှုမရှိအောင် လုပ်ငန်းများပီပီပြင်ပြင် ဆောင်ရွက်ရန်၊ မိုးတွင်းကာလ ဖြစ်သည့်အတွက် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ထားရှိရန်၊ ပွင့်လင်းရာသီတွင် လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရေး စီမံချက်ချမှတ် ဆောင်ရွက်သွားကြရန်နှင့် လမ်းခင်းပစ္စည်းများ စုဆောင်းထားရန်တို့ကို မှာကြားသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးစိုးတင့်နှင့် ဦးကျော်လွင်တို့က လမ်း/တံတား ဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဌာနဆိုင်ရာအကြီးအကဲများက ကုမ္ပဏီများအနေဖြင့် လိုက်နာဆောင်ရွက်ရမည့် ဘဏ္ဍာငွေသုံးစွဲမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းအခြေအနေတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းကြပြီး လမ်း/တံတား လုပ်ကိုင်ဆောင်ရွက်နေသော ကုမ္ပဏီများမှ တာဝန်ခံများက မိမိတို့လုပ်ငန်းဆောင်ရွက်နေသည့် လမ်းအပိုင်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြခဲ့ကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် ဇွန် ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့် ရာထူး၊ ဌာန
(၁) ဗိုလ်မှူးကြီးကျော်မြင့် ကာကွယ်ရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် စက်မှုစီမံကိန်းဦးစီးဌာန မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန
(၂) ဦးအေးသောင်း ညွှန်ကြားရေးမှူး အမှတ်(၁)အထွေထွေ အကြီးစားစက်မှုလုပ်ငန်း အမှတ်(၂)စက်မှုဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး အမှတ်(၁)အထွေထွေ အကြီးစားစက်မှုလုပ်ငန်း အမှတ်(၂)စက်မှုဝန်ကြီးဌာန
(၃) ဦးမြင့်နိုင် ညွှန်ကြားရေးမှူး အမှတ်(၂)အထွေထွေ အကြီးစားစက်မှုလုပ်ငန်း အမှတ်(၂)စက်မှုဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး အမှတ်(၂)အထွေထွေ အကြီးစားစက်မှုလုပ်ငန်း အမှတ်(၂)စက်မှုဝန်ကြီးဌာန

မိုးကုတ် ကျပ်ပြင်အထက အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂၃

မိုးကုတ်မြို့ ကျပ်ပြင် အထကတွင် ၁၉၇၃မှ ၁၉၈၃ ခုနှစ်အထိ ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို ဇူလိုင် ၃ ရက် (တနင်္ဂနွေနေ့)တွင် ယင်းကျောင်း ရွှေရတနာဆောင်(၁)၌ ကျင်းပမည်ဖြစ်ရာ ဦးသန်းအောင် ဖုန်း-၀၁-၅၁၂၆၉၇၊ ဦးသန်းဝင်း(ရတနာပုံ) ဖုန်း-၀၉-၅၁၂၄၁၂၅၊ ကိုဖုန်းမြင့်အောင် ဖုန်း-၀၉-၆၅၃၇၄၇၆၊ ကိုခင်မောင်မြင့် ဖုန်း-၀၉-၅၁၂၀၉၂၈၊ ဒေါ်ခင်မာရီ ဖုန်း-၀၉-၉၁၀၄၇၃၇၀၊ ဒေါ်ခင်နှင်းဦး ဖုန်း-၀၉-၅၁၇၁၃၆၆၊ ဒေါ်ခင်ညို ဖုန်း-၀၉-၆၅၃၈၆၉၇၊ ဒေါ်ထွေးထွေး ဖုန်း-၀၉-၄၉၂၈၃၆၁၈၊ ဒေါ်ခင်မာခင် ဖုန်း-၀၉-၅၀၅၆၅၇၀၊ ဒေါ်နီနီအေး ဖုန်း-၀၁-၇၂၇၅၃၇နှင့် မမိုးသူ ဖုန်း-၀၉-၉၀၃၀၁၂၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

Apple iPAD2 နှင့် ဆုများပေးမည်

ရန်ကုန် ဇွန် ၂၃

၂၀၀၉ နှင့် ၂၀၁၀ ICT စစ်တမ်းများတွင် ဝန်ဆောင်မှုအကောင်းဆုံးဆိုင်များစာရင်း၌ နှစ်နှစ်ဆက်တိုက် ထည့်သွင်းဖော်ပြခြင်းခံရသော UNIQUE ကွန်ပျူတာဆိုင်၏ ပထမဦးဆုံးဆိုင်ခွဲအဖြစ် UNIQUE IT, Mobile & Electronic Center ကို အမှတ်(၂၆၁) ပန်းဆိုးတန်းလမ်း (အထက်ဘလောက်)၌ ဖွင့်လှစ်ရာ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ မိုဘိုင်းလ်ဖုန်းနှင့်ဆက်စပ်ပစ္စည်းများကို တစ်နေရာတည်း၌ စုံစုံလင်လင် လွတ်လပ်ကျယ်ဝန်းစွာ ဝယ်ယူနိုင်စေရန် စီစဉ်ပေးထားကြောင်း သိရှိရသည်။ ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဇွန် ၁ ရက်မှ ၃၀ ရက်အတွင်း ငွေကျပ်တစ်သိန်းနှင့်အထက် ဝယ်ယူသူတိုင်းအတွက် IPAD2 32 GB WIFI တစ်လုံး ရရှိနိုင်မည်ဖြစ်ပြီး ဝယ်ယူမှု ငွေကျပ်တစ်သိန်းဖိုးပြည့်တိုင်း ကူပွန်တစ်ခု ပေးအပ်သွားမည်ဖြစ်ရာ စိတ်ပါဝင်စားသူများအနေဖြင့် UNIQUE IT, Mobile & Electronic Center အမှတ်(၂၆၁) ပန်းဆိုးတန်းလမ်း(အထက်ဘလောက်) ဖုန်း-၀၉-၇၃၁၇၁၂၁၂၊ ၇၃၁၇၁၂၁၃၊ ၇၃၁၇၁၂၁၄နှင့် UNIQUE Computer Center အမှတ်(၁၉၄) ဆိပ်ကမ်းသာလမ်း (အလယ်ဘလောက်) ဖုန်း-၀၁-၃၉၈၄၃၆၊ ၃၉၁၇၈၉၊ ၃၉၁၇၃၀ တို့တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

(ကြေးမုံ)

ကုန်သည်/စက်မှုအသင်းချုပ်၌ စီးပွားရေးပညာရပ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂၃

မြန်မာနိုင်ငံ စုစည်းတီထွင်သော လူငယ်များအဖွဲ့က ကြီးမှူး၍ ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံစီးပွားရေးအစီအစဉ်ရေးဆွဲရေးပြိုင်ပွဲကို သြဂုတ် ၇ ရက်တွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ခန်းမ၌ ကျင်းပမည်ဖြစ်ပြီး ပထမဆုကျပ် ၁၀သိန်း၊ ဒုတိယဆု ကျပ်ငါးသိန်း၊ တတိယဆုကျပ်သုံးသိန်းအပြင် အထူးဆုများအဖြစ် တီထွင်ဆန်းသစ်နိုင်ဆု၊ အသင်းအဖွဲ့လိုက် စုစည်းတင်ပြမှုဆုတို့ကို ဆုကြေးငွေ ကျပ်တစ်သိန်းစီ အသီးသီးချီးမြှင့်မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို အသက်(၁၈)နှစ်မှ (၂၄)နှစ်အတွင်းရှိ စီးပွားရေးပညာရပ်များကို လေ့လာနေသော ကျောင်းသားများသာမက နယ်ပယ်အသီးသီးရှိ ကျောင်းသားလူငယ်များအတွက် ရည်ရွယ်ပြီး ကျင်းပခြင်းဖြစ်ပြီး တစ်ဖွဲ့လျှင် နှစ်ဦးမှ လေးဦးအထိ ဝင်ရောက်ယှဉ်ပြိုင်နိုင်မည်ဖြစ်ရာ ပြိုင်ပွဲနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို PS Business School မြေနီကုန်းပလာဇာ သရီး(ဒီ) ဖုန်း-၅၂၄၄၈၂နှင့် ၅၀၀၅၃၃ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ပညာဂုဏ်ရောင် အလင်းဆောင်

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်း

ရန်ကုန် ဇွန် ၂၃

မြန်မာနိုင်ငံ စာကြည့်တိုက် ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် အားပေးကူညီဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လုပ်ငန်းများ အောင်မြင်စေရေးအတွက် စေတနာရှင်အလှူရှင်များက အလှူငွေနှင့် စာအုပ်၊ စာစောင်များကို ပေးအပ်လှူဒါန်းလျက်ရှိရာ ဇွန် ၂၂ ရက်က အလှူရှင် ဦးထင်ကျော်လင်း-ဒေါ်ငြိမ်းငြိမ်းတင့်ဆန်း မိသားစုက ငွေကျပ် ၂၅ သိန်း**(အပေါ်ပုံ)**၊ ဆရာနိုင်ပန်းလှမိသားစုက အလှူငွေကျပ် တစ်သိန်း၊ ဆရာတက္ကသိုလ်ထင်ကြီးမိသားစုက အလှူငွေကျပ် တစ်သိန်းနှင့် ဦးအေးမြင့်ကျော် (လက်ထောက်အထွေထွေမန်နေဂျာ၊ မြန်မာအရှေ့တိုင်းဘဏ်လီမိတက်) မိသားစုက မဂ္ဂဇင်း ၁၅၂ အုပ်တို့ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်က လက်ခံပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းသို့ စာအုပ်၊ စာစောင်များနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း အမှတ်-၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆နှင့် ၀၁-၃၉၈၇၅၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

စာကြည့်တိုက်အတွက် စာအုပ်လှူဒါန်း

စစ်ကိုင်း ဇွန် ၂၃

စစ်ကိုင်းခရိုင် သာသနာရေးဦးစီးဌာန စစ်ကိုင်းမြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း ပညာရတနာစာကြည့်တိုက်သို့ စာအုပ်လှူဒါန်းပွဲကို ဇွန် ၁၉ ရက် မွန်းလွဲ ၂ နာရီတွင် ဧည့်ခန်းဆောင်၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုး၊ ခရိုင်သာသနာရေးမှူး ဦးစိုးမိုးကျော်နှင့် ဧည့်သည်များ တက်ရောက်ကြသည်။

စာအုပ်လှူဒါန်းပွဲအခမ်းအနားတွင် ခရိုင်သာသနာရေးမှူး ဦးစိုးမိုးကျော်က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးကိုယ်စား ဗုဒ္ဓဘာသာရေးစာအုပ်များနှင့် တရားခွေများကို ကျောင်းအုပ်ဆရာကြီး ဒေါက်တာကျော်လွင်ထံ ပေးအပ်လှူဒါန်းကြောင်း သိရသည်။

(၂၂၅)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိသဖြင့် စေတနာရှင်၊ အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ပုလဲမြို့နယ် အေးကုန်းကျေးရွာ ရွှေပြည်အေး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

ပုလဲမြို့နယ် အေးကုန်းကျေးရွာ ရွှေပြည်အေး စာကြည့်တိုက်ဖွင့်

နေပြည်တော် ဇွန် ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် အေးကုန်းကျေးရွာ ရွှေပြည်အေး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂၁ ရက်တွင် အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ တာဝန်ရှိသူတို့က ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်နှင့် တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင်သန်းဝင်းတို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ အလှူရှင်များက သုတ/ရသစာအုပ်များ လှူဒါန်းကြရာ ကျေးရွာစာကြည့်တိုက်ကော်မတီဝင်များက လက်ခံကြသည်။

ထို့နောက် ပုလဲမြို့ ပါရမီရပ်ကွက် Io Gate ကွန်ပျူတာသင်တန်းဖွင့်ပွဲသို့ တက်ရောက်ပြီး တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

(သတင်းစဉ်)

စာပေမြင့်မှ လူမျိုးတင့်မည်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၂၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ဝန်ကြီးရုံး၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် သတ်မှတ်နေရာ၌ ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးပြီး ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများက ပျဉ်းကတိုး၊ ပိတောက်၊ ယူကလစ်၊ မဟော်ဂနီစသည့် နှစ်ရှည်ပင်နှင့် အရိပ်ရပင်၊ လေကာပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ဝန်ထမ်းများစုပေါင်း၍ သစ်ပင်စိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင်ကျွန်းပင် အပါအဝင် စုစုပေါင်း အပင် ၁၃၀၀ ကို စိုက်ပျိုးပေးကြရာ ၂၀၁၀ ခုနှစ်အထိ ရတနာတန်းဝင်ကျွန်းပင်၊ နှစ်ရှည်ပင်၊ နှစ်ရှည်စားပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း အပင် ၁၃၅၄၀ ကို စိုက်ပျိုးပေးခဲ့ပြီးဖြစ်ရာ ယခုအခါ စုစုပေါင်းအပင် ၁၄၈၄၀ ကို စိုက်ပျိုးပြီးဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးရုံး လျှိုပိတ်ဆည်အမှတ်(၂) အတွင်းသို့ ငါးကြင်းရွှေဝါ၊ ငါးမြစ်ချင်း၊ ငါးခုံးမကြီး၊ တီလားပီးယားငါးများကို မျိုးစိုက်ထည့်ပေးပြီး ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဝန်ထမ်းများကလည်း ငါးသားပေါက်ကောင်ရေ ၂၅၀၀၀ ကို မျိုးစိုက်ထည့်ပေးကြသည်။ (သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် လျှိုပိတ်ဆည်အမှတ်(၂)အတွင်း ငါးမျိုးစိုက်ထည့်ပေးစဉ်။ (သတင်းစဉ်)

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲ ကျင်းပ

နေပြည်တော် ဇွန် ၂၃

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ၂၀၁၁ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာနရုံး မျက်နှာစာနှင့် ရုံးပတ်ဝန်းကျင်တို့၌ ကျင်းပရာ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း တက်ရောက်၍ ၂၀၁၁ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးမြင့်ဇော်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများ၌ ကျွန်း၊ ကံ့ကော်၊ ခရေ၊ စိန်ပန်း၊ စွယ်တော်စသည့် အပင်များကို စိုက်ပျိုးပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများသည် ဝန်ထမ်းများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုနှင့် အရိပ်ရပင်၊ နှစ်ရှည်ပင်များ၊ သီးပင်စားပင်များ စိုက်ပျိုးထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ကျင်းပသည့် ၂၀၁၁ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ကံ့ကော်၊ ခရေ၊ စိန်ပန်း၊ စွယ်တော်၊ မဲဇလီ၊ ရင်းမာ၊ ငုရွှေဝါ၊ ပိတောက်၊ စိန်တလုံး၊ ရေတမာ၊ ယူကလစ်စသည့် အရိပ်ရပင်၊ နှစ်ရှည်ပင်နှင့် သီးပင်၊ စားပင် စုစုပေါင်း ၁၃၁၀ ကို စိုက်ပျိုးခဲ့ကြပြီး ယခုနှစ်အထိ ဝန်ကြီးဌာနရုံး သစ်ပင်စိုက် ဇရိယာအတွင်း စိုက်ပျိုးပြီး အပင်အရေအတွက်မှာ ၃၁၂၄၅ ပင်ရှိသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပိတောက်မြောင်တမံ(၃)အနီး ကျင်းပသော အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ငါးမျိုးစိုက်ထည့်ပွဲသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့်အတူ ပိတောက်မြောင်တမံ(၃)လျှိုပိတ်ဆည်အတွင်း ငါးမြစ်ချင်း၊ ငါးကြင်းရွှေဝါနှင့် ထိုင်းငါးခုံးမ သားပေါက်ကောင်ရေ စုစုပေါင်း ၈၀၀၀၀ ကို မျိုးစိုက်ထည့်ပေးခဲ့ကြသည်။**(အပေါ်ပုံ)** (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၄-၆-၂၀၁၁ (သောကြာနေ့)

[၁၃၇၃ ခုနှစ်၊ နယုန်လပြည့်ကျော် (၈) ရက်၊ ဥပုသ်နေ့]

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ပရိတ်တရားတော်
၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး- မောင်မောင်လတ်)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈:၀၀ ၇။ ကြေးမုံရိပ်သွင်တေးနှုယဉ်
၈:၁၀ ၈။ “စည်းကမ်းလိုက်နာ ဘေးကင်းကွာ”
၈:၂၅ ၉။ အဆိုပြိုင်ပွဲ
၈:၃၀ ၁၀။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
၈:၄၀ ၁၁။ International News
၈:၄၅ ၁၂။ တေးဂီတအစီအစဉ်
၉:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၅ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄:၃၀ ၄။ နှောင်းခေတ်တေးပဒေသာ
၄:၄၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (ဥပဒေပညာအထူးပြု)(ဥပဒေပညာ)
၅:၀၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၁၀ ၇။ မြန်မာစာ မြန်မာစကား
၅:၁၅ ၈။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
၅:၃၅ ၉။ ရိုးသားဖြူစင်ကလေးတို့အသွင်
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၂။ ရသစုံလင် အင်တာနက်ဥယျာဉ်
၇:၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ကြံ့ကြံ့ဖန်ဖန်အမွေဆိုင်” (အပိုင်း-၄)**
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ လျှပ်တစ်ပြက်ဟာသများ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ “နှောင်ကြိုး” (အပိုင်း-၈)**
၁၉။ သီချင်းချစ်သူ
၂၀။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာပွားများခြင်း တရားတော်
၂၁။ အစီအစဉ်ပြီး၏။

လက်ပံတန်းမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုး

လက်ပံတန်း ဇွန် ၂၃

လက်ပံတန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သစ်တောဦးစီးဌာန တို့၏ကြီးကြပ်မှုဖြင့် ရေငံကျေးရွာအုပ်စု တောတန်းမြိုင် မူလတန်းကျောင်းပိုင် မြေတစ်ဧက၌ ဇွန် ၁၅ ရက်တွင် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲကို ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာန ပြည်မြို့မှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်၊ သာယာဝတီခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဝင်း၊ မြို့နယ်သစ်တောဦးစီးအရာရှိနှင့် ဝန်ထမ်းများက ကြီးကြပ်၍ အင်အား ၃၀၀ ဖြင့် ကျွန်းပင် ၂၅၀၊ ပျဉ်းကတိုး ၂၅၀၊ မဟော်ဂနီ ၂၅၀ နှင့် ရင်းမာ ၂၅၀ တို့ကို စိုက်ပျိုးခဲ့ကြောင်းသိရသည်။ (ကြေးမုံ)

ကတ္တရာလမ်းများ ကောင်းမွန်ရေးဆောင်ရွက်

မြစ်ကြီးနား ဇွန် ၂၃

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြစ်ကြီးနားမြို့ ယုဇနရပ်ကွက် အနော်ရထာလမ်း လမ်းပေါက်များပြုပြင်ဖာထေးနေမှုကို ဇွန် ၁ ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးနိုင် (ဒု-ညွှန်မှူး)နှင့် အင်ဂျင်နီယာမှူး ဦးခင်မောင်မြင့်တို့က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ရန်ကုန်အနောက်ပိုင်းခရိုင်(မထသ) ပညာသင်ထောက်ပံ့ကြေးပေးအပ်

ရန်ကုန် ဇွန် ၂၃

မော်တော်ယာဉ် လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (ရန်ကုန်အနောက်ပိုင်းခရိုင်) ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် (ရုံးချုပ်)အစည်းအဝေးခန်းမ၌ ကျင်းပရာ ယာဉ်လိုင်းဥက္ကဋ္ဌ ဒုတိယရဲမှူးကြီး တင်ဝင်း(ငြိမ်း)က အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ဝန်ထမ်းမိသားစုများ၏ သားသမီး မူလတန်း ၈၇ ဦး၊ အလယ်တန်း ၇၁ ဦး၊ အထက်တန်း ၄၂ ဦး၊ တက္ကသိုလ်တန်း ၅၂ ဦး စုစုပေါင်း ၂၅၂ ဦးအတွက် ထောက်ပံ့ကြေး ငွေကျပ် ၃၇၄၀၀၀၀ နှင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက် ဂုဏ်ထူးတစ်ဘာသာလျှင် ငွေကျပ်တစ်သောင်းနှုန်းဖြင့် သုံးဦး ပေးအပ်ချီးမြှင့်ခဲ့သည်။ (သတင်းစဉ်)

တာဝန်ကိုယ်စီကျေကြစို့

❊ မြရိပ်ဂနိုင်၊ စုံတောမြိုင်တို့
ရွှန်းလိုင်လန်းဆန်း၊ စိမ်းရောင်လွှမ်းက
ညစ်ညမ်းလေထု၊ သန့်အောင်ပြုပြင်
မျိုးစုရက္ခ၊ တိုးပွားကြပြန်
အန္တရာယ်မီး၊ ဘေးရန်ဆီး၍
သိုဆည်းရေလှော၊ ထိန်းသိမ်းကာကွယ်
ရိက္ခာပြည့်ဝ၊ လိုတိုင်းရစေ
မျှတဥတု၊ မှန်အောင်ပြုလျက်
လူ့ဘောင်အကျိုး၊ ဘက်စုံတိုးရန်
ထမ်းပိုးရွက်သော၊ ဤသစ်တောကား
လောကလူ့ရွာ၊ သတ္တဝါတို့
မှီရာစခန်း၊ အေးငြိမ်းချမ်းသည့်
နန်းမြို့ရိပ်သွင်၊ ကျေးဇူးရှင်။ ။

❊ သစ်တစ်ပင်ကောင်း၊ ငှက်တစ်သောင်းနား
ထောင်သောင်းသစ်ပင်၊ စိမ်းရွက်ဆင်က
ပြည်ခွင်လူ့ရွာ၊ သတ္တဝါများ
ရာထောင်သိန်းသန်း
ချမ်းမြေ့စည်သာ၊ အလုဖြာ၏
နှိုင်းရာမရှိသည့် ကျေးဇူးရှင်။ ။

❊ သစ်တောသစ်ပင် ကျေးဇူးရှင်ဟု
ဒို့မြင်အောင်ကြည့်၊ တန်ဖိုးသိလျက်
ဖြည့်ဆည်းစိုက်ပျိုး၊ ဆပွားတိုးစေ
ပျိုးထောင်နှင်းအပ်၊ ကျေးဇူးဆပ်စို့
လူ့ရပ်လူ့ရွာ၊ စိမ်းလန်းဖြာအောင်
ညီညာစုရုံး၊ ဒို့အားသုံး၍
ပြည်လုံးတစ်ခွင်၊ စိမ်းရောင်လွှင်ရေး
သစ်ပင်များစွာ၊ စိုက်ပျိုးပါစို့
ဒို့ရွာဒို့တိုင်း၊ ဒို့သမိုင်းကို
ဝိုင်းဝန်းပြုပြင်၊ အလှဆင်ရေး
သစ်ပင်ကိုယ်စီ စိုက်ကြစို့။
သစ်တောသစ်ပင် ထိန်းသိမ်းစို့
တာဝန်ကိုယ်စီ ကျေကြစို့။ ။

စလင်းအောင်မြင့်ဦး(ပြန်/ဆက်)

ကမ္ဘာ့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက်က ကနီမြို့နယ် မုံရွာ-ယာကြီး-ကလေးဝကားလမ်း မိုင်တိုင်အမှတ် (၁၈/၆) မှ (၁၈/၇) အကြား၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုးက ကျေးရွာပြည်သူများ စိုက်ပျိုးရန် ပျိုးပင်များ ဖြန့်ဝေပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၂၃

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ၂၀၁၁ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ဝန်ကြီးရုံး လျှိုပိတ်ဆည်စိုက်ခင်း၌ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများက စိန်တလုံးသရက်ပင်များကို စိုက်ပျိုးပေးကြပြီး ဝန်ထမ်းများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့၏ ၂၀၁၁ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးပေးပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးအေးကြူနှင့် ဦးဘရွှေ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများက သတ်မှတ်နေရာအသီးသီး၌ သစ်ပင်များ စိုက်ပျိုးပေးကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့်အဖွဲ့သည် ဝန်ထမ်းများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထပ်မံစိုက်ပျိုး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ယခင်နှစ် မိုးရာသီတွင် စိုက်ပျိုးပြီးခဲ့သည့် နှစ်တို၊ နှစ်ရှည်ပင် ၂၀၀၀ ကို ကိုင်းဖြတ်၊ ခေါင်နှိမ်၊ ပေါင်းပင်များ ရှင်းလင်းခြင်း ဆောင်ရွက်ပြီး ရတနာတန်းဝင် ကျွန်းပင် ၆၅၀၊ စိန်တလုံး သရက်ပင် ၃၀၀၊ ခရေပင် ၂၅၀၊ ရင်းမာပင် ၁၅၀၊ မဟော်ဂနီပင် ၁၀၀ နှင့် ပျဉ်းကတိုးပင် ၁၀၀ စုစုပေါင်း အပင် ၁၅၅၀ ကို ထပ်မံစိုက်ပျိုးခဲ့သည်။

(သတင်းစဉ်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ၂၀၁၁ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် စိန်တလုံးသရက်ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

လက်ကား ကုန်စည်ဒိုင်(ရန်ကုန်) ဖွဲ့စည်းရေး စည်းဝေး

ရန်ကုန် ဇွန် ၂၃

မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၏ ဦးဆောင်မှုဖြင့် ရန်ကုန်မြို့ သီရိမင်္ဂလာဈေးတွင် သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်လက်ကားကုန်စည်ဒိုင်(ရန်ကုန်) ဖွဲ့စည်းရေးအတွက် ပထမအကြိမ် အစည်းအဝေးကို UMFCCI အစည်းအဝေးခန်းမ၌ ဇွန် ၂၂ရက်က ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံ သစ်သီးဝလံ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ တာဝန်ရှိသူများ၊ သစ်သီးဝလံ ဟင်းသီးဟင်းရွက်စိုက်ပျိုးသူများ၊ သီရိမင်္ဂလာဈေးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ကုန်စည်ဒိုင်ဖွဲ့စည်းရေးအတွက် ညှိနှိုင်းဆွေးနွေးကြသည်။ (ကြေးမုံ)

နိုင်ငံတကာအနုပညာရပ်ဝန်း

ကိတ်ဝင်းစလက်နှင့် ဂျနီဖာလိုပက်ဇ် ဟောလိဝုဒ်၏ ဂန္ထဝင်စာရင်းတွင် အမည်စာရင်းတင်သွင်းခံရ

တိုက်တန်းနစ်ဇာတ်ကားဖြင့် နာမည်ကြီးခဲ့သူ ဗြိတိသျှမင်းသမီး ကိတ်ဝင်းစလက်နှင့် အမေရိကန်အဆိုတော် ဟောလိဝုဒ်မင်းသမီး ဂျနီဖာလိုပက်ဇ်တို့ နှစ်ဦးသည် လာမည့်နှစ်၌ပြုလုပ်မည့် ဟောလိဝုဒ် ရုပ်ရှင်အနုပညာလောက၏ ဂန္ထဝင်မြောက် ထင်ပေါ်ကျော်ကြားသူများ အမည်စာရင်းရေးထိုးပွဲတွင် ၎င်းတို့၏ အမည်များရေးထိုးရန် အမည်စာရင်း တင်သွင်းခံရကြောင်း အင်္ဂါနေ့တွင် ထုတ်ပြန်ကြေညာသည်။

ဟောလိဝုဒ် ရုပ်ရှင်အနုပညာလောက၏ ဂန္ထဝင်မြောက် ထင်ပေါ်ကျော်ကြားသူများ အမည်စာရင်း ရေးထိုးခြင်းကို အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်ရှိ ဟောလိဝုဒ်အဓိပတိလမ်းမကြီးပေါ်တွင် အနုပညာလောက၌ ထင်ပေါ်ကျော်ကြားသည့် သရုပ်ဆောင်၊ ဂီတပညာရှင်၊ ဒါရိုက်တာ၊ ထုတ်လုပ်သူ စသည်တို့၏ အမည်ကို ကြွေပြားကဲ့သို့သော ကြမ်းခင်းပေါ်တွင် ကြေးစာလုံးဖြင့် ရေးထိုး၍ မှတ်တမ်းတင်ခြင်းဖြစ်သည်။

၂၀၁၂ ခုနှစ်တွင် ပြုလုပ်မည့် ၎င်းအမည်စာရင်းရေးထိုးပွဲတွင် အခြား ကမ္ဘာကျော် မင်းသမီးများဖြစ်သည့် ဂျနီဖာအင်နစ်စတန်နှင့် စကားလက်ဂျိုဟန်ဆန်တို့၏ အမည်များလည်း ပါဝင်သည်ဟု သတင်းတွင်ဖော်ပြသည်။ ယခုထုတ်ပြန်ခဲ့သည့် အမည်စာရင်းကို ဟောလိဝုဒ် အနုပညာလောက၏ ဂန္ထဝင်မြောက်ထင်ပေါ်ကျော်ကြားသူများ ရွေးချယ်ရေးကော်မတီက ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ယခုအမည်စာရင်းတင်သွင်းခံရသည့် အနုပညာရှင်များသည် ဇွန် ၁၇ ရက်က ပြုလုပ်သော ရွေးချယ်ရေးကော်မတီ၏ အစည်းအဝေးက အနုပညာရှင် တစ်ရာကျော်အနက်မှ ရွေးချယ်ထားခြင်း ဖြစ်သည်။ ***အင်တာနက်။***

ဗြိတိသျှမင်းသမီး ကိတ်ဝင်းစလက်။

အောဝမ်းခိုး

INFINITE ပေါ့ပ်ဂီတအဖွဲ့ဝင် လူငယ်များ။

နောက်လတွင် ဂျပန်သို့ သွားရောက်ဖျော်ဖြေရန် ကိုရီးယားပေါ့ပ်ဂီတအဖွဲ့ INFINITE အဆင်သင့်ဖြစ်နေ

ကိုရီးယားလူငယ်ခုနစ်ဦးပါဝင်သည့် ကိုရီးယားပေါ့ပ်တေးဂီတအဖွဲ့ INFINITE သည် နောက်လတွင် ဂျပန်နိုင်ငံသို့ သွားရောက်ဖျော်ဖြေရန် အဆင်သင့်ဖြစ်နေကြောင်း ယင်းအဖွဲ့၏ အေဂျင်စီက ထုတ်ဖော်ပြောကြားသည်။

ယင်းဂီတအဖွဲ့သည် လွန်ခဲ့သည့်နှစ်ကတည်းက ဂျပန် Tsutaya Records ကုမ္ပဏီ၏ လက်အောက်ခံအေဂျင်စီ CCC နှင့် ယခုနှစ်ဧပြီလတွင် ဂျပန်နိုင်ငံသို့ သွားရောက်ဖျော်ဖြေရန် လက်မှတ်ရေးထိုးခဲ့သော်လည်း ဂျပန်နိုင်ငံတွင် မတ်လ ၁၁ရက်က ဖြစ်ပွားခဲ့သော ငလျင်နှင့် ဆူနာမီရိုက်ခတ်မှုကြောင့် ၎င်းတို့၏ ဖျော်ဖြေရေးအစီအစဉ်ကို ဇူလိုင် ၁၇ ရက်တွင် အိုဆာကာမြို့နှင့် ဇူလိုင် ၁၉ ရက်တွင် တိုကျိုမြို့၌ ပြောင်းရွှေ့ဖျော်ဖြေသွားမည်ဖြစ်ကြောင်း ယင်းအဖွဲ့၏ အေဂျင်စီ Woollim က ဗုဒ္ဓဟူးနေ့တွင် ထုတ်ဖော်ပြောကြားသည်။

INFINITE အဖွဲ့သည် ဇူလိုင်လတွင် သွားရောက်ဖျော်ဖြေမည့် ခရီးစဉ်တွင် ၎င်းတို့အဖွဲ့၏ သီချင်း ၁၀ ပုဒ်ကို ဂျပန်ဈေးကွက်တွင် ဖြန့်ချိရန် လက်မှတ်ရေးထိုးထားကြောင်း၊ ထို့အပြင် ယင်းအဖွဲ့သည် ဂျပန်ပုံစံ၊ ဂျပန်စတိုင်လ်ဖြင့်လည်း တေးအယ်လ်ဘမ်တစ်ခု ထုတ်လုပ်ပြီးနေပြီဖြစ်သော်လည်း ဖြန့်ချိမည့်ရက်ကို ဆွေးနွေးနေကြောင်း Woollim အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

INFINITE ဂီတအဖွဲ့ဝင်များဖြစ်သည့် ဆောင်ကူ၊ ဟိုရာ၊ ဝူဟာန်၊ ဒုန်ဝူး၊ ဆောင်ယိုလ်၊ ဆောင်ဂျုန်းနှင့် အယ်လ်တို့သည် ၎င်းတို့အဖွဲ့၏ တစ်နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ဇွန် ၉ ရက်က Can U Smile သီချင်းကို အရောင်းမြှင့်တင်ရေး ပြုလုပ်ခဲ့သည်။

အင်တာနက်။

အမြို့မြို့အနယ်နယ်တွင် သစ်ပင်စိုက်ပျိုး

သစ်ပင်စိုက်ပျိုးပွဲ လားရှိုးမြို့၌ ကျင်းပ

လားရှိုး ဇွန် ၂၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းအဖြစ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ သစ်ပင်ချစ်သူများနှင့် သစ်တောဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၈ ရက်က လားရှိုးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် သစ်တောဦးစီးဌာနမှ တွဲဖက် ပြည်နယ်အရာရှိ ဦးမောင်မောင်ဝင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဦး၊ ဦးစီးအရာရှိ ဦးလှဦး၊ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းအုပ်ကြီး ဒေါက်တာမြင့်မြင့်အေးနှင့် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်၍ စုပေါင်းသစ်ပင်စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ (၅၇၆)

မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ သန်လျင်၌ ကျင်းပ

ရန်ကုန် ဇွန် ၂၃

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၈ ရက်က ကရင်ဆိပ်စံပြကျေးရွာ ကျေးရွာချင်းဆက်လမ်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပျိုးပင်များကို ကျေးရွာပြည်သူများထံ ပေးအပ်ပြီး စိုက်ပျိုးပေးကြသည်။**(အပေါ်ပုံ)** ကရင်ဆိပ်စံပြကျေးရွာတွင် အရိပ်ရပင်နှင့် လေကာပင် စုစုပေါင်း ၆၄၀ ကျော် စိုက်ပျိုးခဲ့ကြောင်း သိရသည်။ (၅၂၇)

ခရမ်းမြို့နယ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ခရမ်း ဇွန် ၂၃

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့၏ စီစဉ်ကြီးကြပ်မှုဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၇ ရက် နံနက် ၆ နာရီတွင် ခရမ်း-မောင်းမ ဆက်သွယ်ရေးလမ်းမကြီး၏ လမ်းဘေးဝဲ၊ ယာ၌ကျင်းပရာ ခရမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာနမှ တောအုပ်ကြီးနှင့် ဝန်ထမ်းများ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ရပ်ကွက်နေပြည်သူများက ကျွန်းပင် ၆၅၀ နှင့် အရိပ်ရလေကာပင်များ စုစုပေါင်း ပျိုးပင် ၁၃၅၀ကို စိုက်ပျိုးပေးခဲ့ကြသည်။**(အပေါ်ပုံ)**

(မြို့နယ်ပြန်/ဆက်)

တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အဖွဲ့ဝန်ထမ်းများ မိုးရာသီ ပန်းအလှပင်များ စုပေါင်းစိုက်ပျိုးနေမှုကို ဇွန် ၁၃ ရက်က အမှုဆောင်အရာရှိ သူရဦးမြင့်သူ ကြီးကြပ်ဆောင်ရွက်စဉ်။ (ကြေးမုံ)

ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့ (၁၂၉)ကြိမ်မြောက် အစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၂၃

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့၏ (၁၂၉)ကြိမ်မြောက် အစည်းအဝေးကို ဇွန် ၂၂ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း တက်ရောက်၍ အမှာစကားပြောကြားရာတွင် ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးကဏ္ဍ တည်ငြိမ်စွာ ဖွံ့ဖြိုးလျက်ရှိသည့် အခြေအနေကို အခြေခံပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ရှေးရှုသည့် စီမံချက်များ ချမှတ်အကောင်အထည်ဖော်ရေး၊ ဝန်ထမ်းများ၏ အရည်အချင်းနှင့် အဖွဲ့အစည်း၏ စွမ်းဆောင်ရည်မြင့်မားစေရန် လေ့ကျင့်သင်ကြားပေးခြင်းနှင့် သုတေသနလုပ်ငန်းများကို အလေးထားဆောင်ရွက်ကြရေး၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို အဖွဲ့အစည်းများအတွင်း ကျယ်ပြန့်စွာ၊ ထိရောက်စွာ အသုံးချနိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရေးတို့ကို ပြောကြားသည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့၏ (၁၂၉)ကြိမ်မြောက် အစည်းအဝေး ကျင်းပစဉ်။

(သတင်းစဉ်)

ထို့နောက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းတို့က ဘဏ်လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးပြောကြားကြပြီး မြန်မာနိုင်ငံဘဏ်များအသင်းမှ အမှုဆောင်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ပိုင်ဘဏ်များမှ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ပုဂ္ဂလိကပိုင်ဘဏ်များမှ ဥက္ကဋ္ဌများ၊ အုပ်ချုပ်မှုဒါရိုက်တာများက ယခုလအတွင်း ဘဏ်လုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ကြသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၄-၆-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၅ ၁။ နိုင်ငံတော်သီချင်း
- ၇း၁၀ ၂။ တရားတော်
- ၇း၁၅ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာ့ရှုခင်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၅ ၁။ နိုင်ငံတော်သီချင်း
- ၄း၁၀ ၂။ အဖွင့်သီချင်း
- ၄း၁၅ ၃။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၄။ မဟာဂီတချိုကြည်မြ
- ၄း၃၀ ၅။ ဇာတ်လမ်းတို
- ၄း၃၅ ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၄၅ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၅၅ ၈။ အိုင်စီတီသုတ
- ၅း၀၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ -ရေအောက်ကမ္ဘာကသက်ရှိ သတ္တဝါများ (အပိုင်း-၁၆)
- ၆း၀၀ ၁၁။ မြဝတီ ရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၃၀ ၁၃။ "ရွှာ"ဟာသဇာတ်လမ်းတွဲ
- ၆း၄၅ ၁၄။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၇း၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ငွေတိုက်ပွဲ(အပိုင်း-၂၁)**
- ၈း၀၀ ၁၆။ မြဝတီ ရုပ်မြင်သံကြားသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ ဒို့တာဝန်အရေး(၃)ပါး
- ၁၉။ နိုင်ငံတကာသတင်း
- ၂၀။ မိုးလေဝသသတင်း
- ၂၁။ စိုက်ပျိုးသုတ
- ၂၂။ သံစဉ်များနှင့်ကမ္ဘာ
- ၂၃။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၂၄။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -အချစ်တို့တည်ရာ (အပိုင်း-၂၈)**
- ၂၆။ ကမ္ဘာတစ်ခွင်ခရီးစဉ်

☆ **ရှေ့ဖုံးမှ**

ဝန်ဆောင်မှုများကို ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသူ လေးဦးအား သင်တန်းထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းလက်မှတ်များကို သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးအား ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးဌေးအောင်က သင်တန်းကျောင်းများမှ သင်တန်းနည်းပြ လေးဦးအား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း၌ ပြသထားသော သင်တန်းများဆိုင်ရာလှုပ်ရှားမှုဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများဖြစ်သော ဟိုတယ်ဧည့်ကြိုလုပ်ငန်း သင်တန်း၊ ဟိုတယ်နှင့် အိပ်ခန်းဆောင် ထိန်းသိမ်းရေးသင်တန်း၊ အစားအစာနှင့် အဖျော်ယမကာ ဧည့်ခံကျွေးမွေးရေးသင်တန်းနှင့် အစားအစာနှင့် အဖျော်ယမကာ ထုတ်လုပ်ရေးသင်တန်းများသို့ သင်တန်းသား၊ သင်တန်းသူ ၁၉၂ ဦး တက်ရောက်၍ သင်တန်းကာလမှာ ရက်သတ္တသုံးပတ်ခန့် ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် သပြေကုန်းဈေးအနီးရှိ နေပြည်တော်ခရီးသွားပြပွဲနှင့် အစားအစာပြပွဲ ကျင်းပမည့်နေရာသို့ ရောက်ရှိပြီး ခရီးသွားပြပွဲ ပြသရန် ခင်းကျင်းပြင်ဆင်ထားရှိမှုနှင့် အစားအစာပြပွဲ ပြသရောင်းချရန် ခင်းကျင်းပြင်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

ယာဉ်တိုက်မှု၊ တိမ်းမှောက်မှုလျော့ကျစေရေးအတွက် လမ်းအသုံးပြုမှုဆိုင်ရာ ဟောပြောပွဲကို ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ မီးသတ်ဦးစီးဌာနခန်းမ၌ ဇွန် ၉ ရက်က ကျင်းပရာ သဘာဝအန္တရာယ် တုံ့ပြန်နိုင်ရေးအတွက် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ၏ လေ့ကျင့်ရေးသင်တန်းအမှတ်စဉ်(၁/၂၀၁၁) မှ မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသားများ၊ သင်တန်းနည်းပြဆရာများ ၁၂၈ ဦး တက်ရောက်ပြီး ပြည်နယ်မီးသတ်ဦးစီးဌာနမှူး ဦးတင်ဖေ အမှာစကားပြောကြားစဉ်။

(ကြေးမုံ)

စိန်ရတနာမုခ်ဦး အဝင်လမ်း ကတ္တရာခင်း

ဟသ်ာတ ဇွန် ၂၃

ဟသ်ာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ဂေါပကအဖွဲ့ ပူးပေါင်းဆောင်ရွက်သော မြို့သူကြီးဘုရား၏ စိန်ရတနာမုခ်ဦး အဝင်လမ်းကတ္တရာခင်းခြင်းလုပ်ငန်းကို လက်ထောက်အင်ဂျင်နီယာ ဒေါ်ခင်မြတ်မွန်နှင့် အဖွဲ့က ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

○ **သစ်မွှေးပင်များမှ**

ကညွတ်ပင်များ စိုက်ပျိုးထားသော သုံးဧကကျော်ရှိ ဥယျာဉ်ခြံမြေထဲတွင် ၂၀၀၉ ခုနှစ် ဇွန်လမှစတင်ပြီး အကျော်ပင်(ခေါ်) သစ်မွှေးပင် ၂၀၀၀ ကျော်စိုက်ပျိုးခဲ့ရာ ယခုကဲ့သို့ အပင်များရှင်သန်ကြီးထွား ဖြစ်ထွန်းအောင်မြင်လာခြင်းဖြစ်သည်။

သစ်မွှေးစိုက်ပျိုးပုံနှင့်ပတ်သက်ပြီး ဦးစိုင်းအောင်ခင်က အကျော်ပင်(ခေါ်) သစ်မွှေးပင်များကို အခြားအပင်များကြားတွင်လည်း စိုက်ပျိုးနိုင်ကြောင်း၊ ခုနစ်လသားအရွယ် ပျိုးပင်များကို ဝယ်ယူခဲ့ပြီး မိမိ၏ နဂါးမောက်ဥယျာဉ်ခြံမြေထဲတွင် ပင်ကြား၊ တန်းကြား(၆ ပေ × ၆ ပေ)အကွာအဝေးထားပြီး တစ်ဧကအပင်ရေ ၁၂၀၀ နှုန်းဖြင့် နှစ်ဧကစိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း။

ဆေးရည်သွင်း

ယခု မိမိစိုက်ပျိုးထားသော အပင်များသည် လာမည့်နှစ်တွင် တတိယမြောက် နှစ်ဖြစ်သဖြင့် အချိန်တိုအတွင်း သစ်မွှေးပင်ဆီခဲရနိုင်ရန်အတွက် နည်းစနစ်ကျကျအပင်များကို အပေါက်ဖောက်ပြီး ဆေးရည်များကို ထိုးသွင်းပေးသွားရမည်ဖြစ်ကြောင်း၊ ယခုလို အပင်အဆီခဲမည့် ဆေးသွင်းပြီးပါက နောက်နှစ်နှစ်ခန့်အကြာတွင် အကျော်ပင်(ခေါ်)သစ်မွှေးပင်များကို ခုတ်ယူထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ငါးနှစ်တာ

အကျော်ပင်(ခေါ်)သစ်မွှေးပင် (AGARWOOD) များကို စနစ်တကျစိုက်ပျိုးပါက စိုက်ပျိုးချိန်မှ ထုတ်လုပ်ချိန်အထိ ငါးနှစ်တာကာလ ကြာမြင့်မည်ဖြစ်သည်။ ယနေ့ကမ္ဘာ့နိုင်ငံများတွင် သစ်မွှေးအဆီအနှစ်များဖြင့် အဖိုးတန်ရေမွှေးများ၊ အလှကုန်ပစ္စည်းများ၊ အဖိုးတန်ဆေးဝါးများ ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

(၅၆၃)

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော ညောင်ရမ်းကျေးရွာနှင့် သုံးပတ်လည်ကျေးရွာလမ်းပေါ်ရှိ သစ်သားတံတား တည်ဆောက်ပြီးစီးနေမှုကို အမှုဆောင်အရာရှိဦးကျော်နိုင် ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

မူးယစ်ဆေးဝါး အလွဲသုံးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲ ကျင်းပ

မြိတ် ဇွန် ၂၃

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာ ပန်းချီပြိုင်ပွဲကို ဇွန် ၄ ရက် နံနက် ၉ နာရီက အထက(၁) ပညာ့ဗိမာန်ခန်းမ၌ ကျင်းပရာ အခြေခံပညာ ကျောင်းသား၊ ကျောင်းသူ ၂၅ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးနှင့် မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ရွှေညာမောင်တို့က ကြည့်ရှုအားပေးခဲ့ကြသည်။ **(အပေါ်ပုံ)**

(မြို့နယ်ပြန်/ဆက်)

ဇွန် ၁၈ ရက်က ဗိုလ်မှူးအေးကြည်(ငြိမ်း) ကွယ်လွန်ခြင်း ငါးနှစ်ပြည့် အထိမ်းအမှတ်အဖြစ် သားဖြစ်သူ အင်းစိန်မြို့နယ်နေ ဗိုလ်မှူးမျိုးဝင်း(ငြိမ်း)၊ သမီး ဒေါ်မဉ္ဇူမိသားစုက ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ဘိုးဘွားရိပ်သာ ငွေပဒေသာပင်အတွက် ငွေကျပ် ၁၀ သိန်းနှင့် ဆောက်လုပ်ဆဲ အဘိုးဆောင်အတွက် အလှူငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းရာ ဥက္ကဋ္ဌဦးမျိုးညွန့်နှင့် ဒုတိယဥက္ကဋ္ဌ ဦးသိန်းရွှေတို့ လက်ခံစဉ်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုစာတမ်းဖတ်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၃

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုစာတမ်းဖတ်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများ၊ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း နာယကနှင့် ဥက္ကဋ္ဌ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ အမှုဆောင်အဖွဲ့ဝင် ပါမောက္ခ ဒေါ်ကြည်ကြည်လှက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အဖွင့်အမှာစကားပြောကြားသည်။**(အောက်ပုံ)**

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးဌာနကြီး အဖွဲ့ဝင် ဒေါ်ချိုချိုတင် (မစန္ဒာ) က "ယဉ်ကျေးမှု နယ်ချဲ့ခြင်းအန္တရာယ်" စာတမ်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ကျန်းမာရေးလုပ်ငန်းအဖွဲ့ ခွဲခေါင်းဆောင် ပါမောက္ခ ဒေါက်တာခင်မေအုန်းက "သက်ကြီးဘဝ လှပစေဖို့" စာတမ်းနှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာခင်စန်းရီက "ဆင်းရဲနွမ်းပါးမှုပပျောက်ရေးနှင့် အမျိုးသမီးများ၏ အခန်းကဏ္ဍ" စာတမ်းတို့ကို ဖတ်ကြားတင်ပြကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့

ဇူလိုင်လ (၃) ရက်

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအလှူငွေပေးအပ်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇွန် ၂၃

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် "မြန်မာအမျိုးသမီးများနေ့" ဂုဏ်ပြုအလှူငွေ ပေးအပ်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများ၊ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အလှူရှင်များက အလှူငွေ စုစုပေါင်း ငွေကျပ် သိန်း ၁၀၀၀ ကျော်ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများဖြစ်ကြသော ဒေါ်နီနီဝင်း၊ ဒေါ်ခင်မိမိနှင့် ဒေါ်မြသီဂီ၊ ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်နှင့် ဗဟိုအလုပ်အမှုဆောင်များက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြကာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားသည်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအလှူငွေပေးအပ်ပွဲ အခမ်းအနား၌ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက ဒေါ်နီနီဝင်းထံ အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများ မိုးပိုလာမည်

နေပြည်တော် ဇွန် ၂၃

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးရွာခဲ့ကာ မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ပေါင်မြို့တွင် ၄ ဒသမ ၀၅ လက်မ၊ သံတွဲမြို့တွင် ၂ ဒသမ ၇၅ လက်မ၊ သထုံမြို့တွင် ၂ ဒသမ ၇၁ လက်မ၊ သိမ်ဖြူမြို့တွင် ၂ ဒသမ ၆၈ လက်မ၊ ရန်ကုန်(ကမ္ဘာအေး)တွင် ၂ ဒသမ ၆၄ လက်မ၊ ရန်ကုန်(မြို့လယ်)တွင် ၂ ဒသမ ၅၂ လက်မ၊ စစ်တွေမြို့တွင် ၂ ဒသမ ၃၃ လက်မ၊ ဘားအံမြို့နှင့် ကော့ကရိတ်မြို့တို့တွင် ၂ ဒသမ ၁၃ လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

မနက်ဖြန်ညနေထိခန့်မှန်းချက် ။ ။ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးရွာပြီး ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင် ။ ။မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးပိုလာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုး

နေပြည်တော် ဇွန် ၂၃

တနင်္သာရီတိုင်းဒေသကြီး၏ ၂၀၁၁ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ထားဝယ်မြို့ ဆိပ်ကမ်း ဘူတာရှေ့၌ ကျင်းပရာ တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှူး ဦးဇော်ဝင်းမြင့်နှင့် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးမြင့်တို့က ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအား သစ်ပင်ပျိုးပင်များကို ပေးအပ်ကြသည်။ ယင်းနောက် ၂၀၁၁ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ခရေပင်ကို တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးမြင့်က စိုက်ပျိုးပေးသည်။

၂၀၁၁ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော်၊ ခရေ၊ မဟော်ဂနီ၊ မဲဇလီနှင့် စိန်ပန်းကြီး ပျိုးပင်စုစုပေါင်း ၁၅၀၀ ကို တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများက စုပေါင်းစိုက်ပျိုးခဲ့သည်။

(သတင်းစဉ်)

သစ်ပင်စိုက်ပျိုး

တနင်္သာရီတိုင်းဒေသကြီး၏ ၂၀၁၁ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်သားသမီး ကျောင်းသား၊ ကျောင်းသူ ၁၇၀ တို့အား မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ရန်ပုံငွေမှ ၂၀၁၁-၂၀၁၂ ပညာသင်စရိတ် ထောက်ပံ့ကြေး ငွေကျပ် ၁၀ သိန်းကို မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့်လိုက် ဗိုလ်ကြီးစံသိန်း(ငြိမ်း)က ခွဲဝေပေးအပ်စဉ်။

(မြို့နယ်စစ်မှုထမ်းဟောင်း)

❖ **ကျော်ဖုံးမှ**

ကမ္ဘာ့အကြီးဆုံး နေစွမ်းအင်စက်ရုံကို တည်ဆောက်ရန် ခြောက်နှစ်ထက်မနည်း အချိန်ယူရမည်ဖြစ်သည်။

ရေးဗားဆိုက်စီရင်စု ဘလီသီမြို့အနောက်ဘက် ရှစ်မိုင်ခန့်အကွာတွင် နေရောင်ခြည်စွမ်းအင်ထုတ်လုပ်ရေးစက်ရုံ တည်ရှိမည်ဖြစ်သည်။

ကာလီဖိုးနီးယားစွမ်းအင်ကော်မရှင်သည် ကမ္ဘာ့အကြီးဆုံး နေစွမ်းအင်စက်ရုံ တည်ဆောက်ရန် လွန်ခဲ့သည့်နှစ် စက်တင်ဘာလတွင် ခွင့်ပြုပေးခဲ့သည်။

စီမံကိန်း၏ ပထမအဆင့်ပြီးဆုံးပြီးနောက် ၂၀၁၃ ခုနှစ်မှစ၍ လျှပ်စစ်ဓာတ်အားစတင်ထုတ်လုပ်နိုင်ရန် ရည်မှန်းထားသည်။

အင်တာနက်။

ဝင်ငွေကြေညာလွှာ တင်သွင်းမှုဆိုင်ရာ ရှင်းလင်းပွဲ ပဲခူးမြို့နယ်၌ ကျင်းပ

ပဲခူး ဇွန် ၂၃

ပဲခူးမြို့နယ် အခွန်ဦးစီးဌာနက ဝင်ငွေကြေညာလွှာတင်သွင်းမှုဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို ဇွန် ၂၁ ရက်က ပဲခူးမြို့ သီရိဟံသာခန်းမ၌ ကျင်းပရာ ခရိုင်အခွန်ဦးစီးဌာနမှူး ဦးဝင်းကြိုင်က အဖွင့်အမှာစကားပြောကြားပြီး အခွန်အကြောင်းသိကောင်းစရာများကို ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ ပဲခူးမြို့နယ် အခွန်ဦးစီးဌာနမှူး ဦးမျိုးမင်းဇော်က ဝင်ငွေခွန်ဥပဒေအရ ဝင်ငွေကြေညာလွှာတင်သွင်းခြင်း ဆိုင်ရာများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ဝင်ငွေကြေညာလွှာတင်သွင်းမှုဆိုင်ရာ ပြဋ္ဌာန်းချက် လက်ကမ်းစာစောင်များနှင့် အခွန်ပညာပေးစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

ကျောက်တန်းမြို့နယ်အတွင်း မိုးရာသီကာလ ရေစီးရေလာကောင်းမွန်စေရေးနှင့် သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် ဇွန် ၁၆ ရက်က အဖွဲ့ဝန်ထမ်းများဖြင့် ရေနုတ်မြောင်းဆယ်တင်ခြင်းလုပ်ငန်းကို စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ပြည်တွင်း ပြည်ပ အားကစားသတင်းများ

ပြည်တွင်း ပြည်ပ အားကစားသတင်းများ
ပြည်တွင်း ပြည်ပ အားကစားသတင်းများ

ရဲချုပ်ဒိုင်း စစ်တုရင်ပြိုင်ပွဲဖွင့်

ရန်ကုန် ဇွန် ၂၃

မြန်မာနိုင်ငံရဲတပ်ဖွဲ့ (၂၁)ကြိမ်မြောက် ရဲချုပ်ဒိုင်းစစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၀ ရက်က ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ်ကိုယ်စား ရဲတပ်ရင်းများကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ် သူရဘိုနီ တက်ရောက် အမှာစကားပြောကြားပြီး စစ်တုရင်အရုပ်အားရွှေ့ကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။**(ယာပုံ)**

အဆိုပါပြိုင်ပွဲသို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲတပ်ရင်းများကွပ်ကဲမှုအဖွဲ့၊ သင်တန်းကျောင်းများ၊ မှုခင်းတပ်ဖွဲ့၊ သတင်းတပ်ဖွဲ့၊ ရထားရဲတပ်ဖွဲ့၊ စည်ပင်သာယာရဲတပ်ဖွဲ့၊ ပြည်နယ်/တိုင်းဒေသကြီးရဲတပ်ဖွဲ့များမှ အသင်းပေါင်း ၂၂ သင်း ပါဝင်ယှဉ်ပြိုင်ကြသည်။

(ကြေးမုံ)

(၅၇)ကြိမ်မြောက် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား အမျိုးသားတံခွန်စိုက် စက်ဘီးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂၃

မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၁၁ခုနှစ် (၅၇)ကြိမ်မြောက် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား အမျိုးသားတံခွန်စိုက်စက်ဘီးပြိုင်ပွဲကို ဇူလိုင် ၂ ရက်မှ ၅ ရက်အထိ နေပြည်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ထည့်သွင်းကျင်းပမည်

အဆိုပါ ပြိုင်ပွဲတွင် အမျိုးသား စက်ဘီးအားကစားသမားများအတွက် ကီလိုမီတာ ၅၀ တစ်ဦးချင်းပြိုင်ပွဲ၊ ကီလိုမီတာ ၁၈၀ တာဝေးပြိုင်ပွဲနှင့် မီတာ ၄၀၀၀ ပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး အမျိုးသမီး စက်ဘီးအားကစားသမားများအတွက် မီတာ ၅၀၀ တစ်ဦးချင်း၊ ၂၅ ကီလိုမီတာ တစ်ဦးချင်းပြိုင်ပွဲနှင့် ကီလိုမီတာ ၁၂၀ တာဝေးပြိုင်ပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်သည်။

မေးမြန်းစုံစမ်းနိုင်

ယင်းပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် စက်ဘီးအားကစားသမားများသည် ဇူလိုင် ၁ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် ဖုန်း -၀၉-၇၃၀၅၆၇၁၀၊ ၀၉-၈၆၂၁၅၂၄၊ ၀၉-၄၉၂၀၃၃၀၃၊ ၀၆၇-၄၀၇၂၅၇နှင့် ၀၁-၅၆၁၃၃၆ တို့တွင် အမည်စာရင်းပေးသွင်းကြပြီး ပြိုင်ပွဲနှင့်စပ်လျဉ်း၍ မေးမြန်းစုံစမ်းနိုင်သည်။

(သတင်းစဉ်)

၂၀၁၁ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲဝင်မည့်အင်္ဂလန်အသင်း

လန်ဒန် ဇွန် ၂၃

၂၀၁၁ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲကို လာမည့်တနင်္ဂနွေနေ့တွင် စတင်ကျင်းပမည် ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အသင်း ၁၆ သင်း ပါဝင်မည်ဖြစ်ရာ အုပ်စု(B)မှ အင်္ဂလန်အသင်းအကြောင်း တစေ့တစောင်း ဖော်ပြလိုသည်။

အင်္ဂလန်အသင်း၏ လူစာရင်းတွင် အာဆင်နယ်အသင်းမှ လေးဦး၊ အဲဗာတန်အသင်းမှ လေးဦး၊ ဘရစ္စတိုးအသင်းမှ တစ်ဦး၊ လင်ကွန်းအသင်းမှ သုံးဦး၊ စကိုင်းဘလူးအသင်းမှ သုံးဦး၊ ဘာမင်ဂမ်အသင်းမှ သုံးဦး၊ ချယ်လ်ဆီးအသင်းမှ တစ်ဦးနှင့် ဘောဇ့်တွန်အသင်းမှ နှစ်ဦးတို့ ဖြစ်သည်။

ထိုအထဲတွင် လင်ကွန်းနောက်ခံကစားသမား ဘရက်လေမှာ အသက်(၂၁)နှစ်သာရှိသေးပြီး အင်္ဂလန်လက်ရွေးစင်ထဲတွင် အသက်အငယ်ဆုံးဖြစ်သည်။ အာဆင်နယ်အသင်းမှ နောက်ခံကစားသမား ဖာရေးဝှိုက်မှာ အသက်(၃၃)နှစ်ရှိပြီ ဖြစ်သော်လည်း အင်္ဂလန်အသင်း၏ အားထားရဆဲကစားသမားတစ်ဦးဖြစ်သည်။ တိုက်စစ်ပိုင်းတွင် ဘောဇ့်တွန်အသင်းမှ ကယ်လီစမစ်မှာ အင်္ဂလန်၏ မရှိမဖြစ်တိုက်စစ်မှူးဟု ဆိုရမည်ဖြစ်သည်။ ထို့ပြင် စကိုင်းဘလူးအသင်းမှ အီနီယိုလာအော်လူကိုနှင့် အာဆင်နယ်မှ အယ်လ်လင်ဝှိုက်တို့သည်လည်း ဂိုးသွင်းစွမ်းရည်ရှိသည့် တိုက်စစ်မှူးများဖြစ်သည်။

အင်္ဂလန်အသင်းသည် ဂျပန်၊ နယူးဇီလန်၊ မက္ကဆီကိုတို့နှင့် တစ်အုပ်စုတည်းကျရောက်နေ၍ အုပ်စုကို ကျော်ဖြတ်နိုင်ရန် အကောင်းဆုံးအနေအထားတွင်ရှိနေသည်။ အင်္ဂလန်အသင်း ဗိုလ်စွဲရန်ရေပန်းမစားလှသော်လည်း ဖာရေးဝှိုက်၊ အယ်လ်လင်ဝှိုက်၊ ကယ်လီစမစ်**(ဝဲပုံ)**နှင့် အီနီယိုလာအော်လူကိုတို့ကဲ့သို့ ကစားသမားကောင်းများရှိနေ၍ လျှော့မတွက်သင့်သည့်အသင်းထဲတွင် တစ်သင်းအပါအဝင်ဖြစ်သည်။

ESPN။

ကွန်ကာကပ်ဖ်ရွှေဖလား အမေရိကန်နှင့် မက္ကဆီကို ဗိုလ်လုမည်

နယူးယောက် ဇွန် ၂၃

ကွန်ကာကပ်ဖ်ရွှေဖလား အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို ကြာသပတေးနေ့နံနက်ပိုင်းက ကျင်းပခဲ့ရာ အိမ်ရှင် အမေရိကန်နှင့် မက္ကဆီကိုတို့ နိုင်ပွဲအသီးသီးရရှိပြီး ဗိုလ်လုပွဲသို့ တက်နိုင်ခဲ့ကြသည်။

အိမ်ရှင်အနိုင်ရ

အိမ်ရှင်အမေရိကန်နှင့် ပနားမားတို့ပွဲတွင် အမေရိကန်က တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရ၍ နောက်ဆုံးဗိုလ်လုပွဲကို တက်နိုင်ခဲ့သည်။ အမေရိကန်အတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၇၇ မိနစ်တွင် ဒမ်ဆေးက သွင်းယူခဲ့ခြင်းဖြစ်သည်။

ယှဉ်ပြိုင်မည်

ဟွန်ဒူးရပ်စ်နှင့် မက္ကဆီကိုတို့ ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲမှာ အကြိတ်အနယ်ရှိခဲ့ပြီး သာမန်ပွဲကစားချိန် မိနစ် ၉၀ ကို သရေဖြင့်သာ အဆုံးသတ်စေခဲ့သည်။ ထို့ကြောင့် အချိန်ပိုဆက်လက်ကစားရာ မက္ကဆီကိုက တိုက်စစ်မှူး ဟာနန်ဒက်ဇ် ခြေစွမ်းပြမှုနှင့်အတူ နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသွားသည်။ မက္ကဆီကိုအတွက် ဂိုးများကို ၉၃ မိနစ်တွင် နီဂရစ်နှင့် ၉၉ မိနစ်တွင် ဟာနန်ဒက်ဇ်တို့က သွင်းယူခဲ့ခြင်းဖြစ်သည်။ ဤပွဲတွင် ဟွန်ဒူးရပ်စ်ကစားသမား ရိုဂျာအက်စ်ပီနိုဇာမှာ ပွဲချိန် ၁၁၅ မိနစ်တွင် နှစ်ဝါ တစ်နီဖြင့် ထုတ်ပယ်ခြင်းခံခဲ့ရသည်။ အမေရိကန်နှင့် မက္ကဆီကိုတို့၏ နောက်ဆုံးဗိုလ်လုပွဲကိုမူ ဇွန် ၂၅ ရက်တွင် ယှဉ်ပြိုင်ကစားစေမည်ဖြစ်သည်။

ESPN။

ဂျီဒေါင်ဝမ်ကို ဆန်းဒါးလန်းအသင်း ခေါ်ယူစာချုပ်

ဟန်သစ်

လန်ဒန် ဇွန် ၂၃

ပရီမီယာလိဂ်ကလပ် ဆန်းဒါးလန်းသည် တောင်ကိုရီးယားကလပ် ချောင်နန်ဒရက်ဂွန်စ်သင်းမှ ဂျီဒေါင်ဝမ်ကို ခေါ်ယူနိုင်ခဲ့ပြီဟု သိရသည်။

ဆန်းဒါးလန်းအသင်းသည် အသက်(၂၀)အရွယ် ဂျီဒေါင်ဝမ်ကို ပြောင်းရွှေ့ကြေးပေါင် ၂ ဒသမ ၂ သန်းဖြင့် ခေါ်ယူကာ သုံးနှစ်စာချုပ်ချုပ်ဆိုခဲ့သည်ဟု ဆိုသည်။ တောင်ကိုရီးယားလက်ရွေးစင်တစ်ဦးဖြစ်သည့် ဂျီဒေါင်ဝမ်က အင်္ဂလိပ်ပရီမီယာလိဂ်တွင် ပါဝင်ကစားရမည်ကို ဂုဏ်ယူကြောင်း ပြောကြားခဲ့သည်။ ၎င်းသည် တောင်ကိုရီးယားကလပ် ချောင်နန်ဒရက်ဂွန်စ်တွင် ခြေစွမ်းပြနိုင်ခဲ့သော်လည်း ပြိုင်ဆိုင်မှုပြင်းထန်သည့် အင်္ဂလိပ်ပရီမီယာလိဂ်တွင် အောင်မြင်မှုရရန်မှာ သိပ်တော့မလွယ်ကူလှပေ။ ***Internet။***

မြန်မာရုပ်ရှင် ပြသဆဲဇာတ်ကားများ ဆက်လက်ပြသ

ရန်ကုန် ဇွန် ၂၃

ဇွန် ၂၄ ရက် သောကြာနေ့တွင် မြန်မာရုပ်ရှင်ချစ်ပရိသတ်များအတွက် မြန်မာရုပ်ရှင်ဇာတ်ကားသစ်ရုံတင်ခြင်းမရှိဘဲ ပြသဆဲမြန်မာရုပ်ရှင်ကားသစ် **ပင်လယ်ထက်က နေဝန်းနီ**ဇာတ်ကားသာ မြို့လယ်သမ္မတရုံ၊ မော်တင်ဂျန်းရှင်းရုံနှင့် နဝဒေးရုံတို့တွင် တစ်ပြိုင်တည်း ဆက်လက်ပြသမည်ဖြစ်သည်။

မြို့လယ် ဝဇီရာ၊ ရွှေဗဟို၊ ဘုရင့်နောင်၊ ဧရာဝတီရုံများတွင် မင်းမော်ကွန်း၊ ခန့်စည်သူ၊ စိုးမြတ်သူဇာ၊ စိုးပြည့်သဇင်တို့ပါဝင်သည့် **ငါ့နှမလေးပွသွားပြီ**ဇာတ်ကား ဆက်လက်ပြသမည်ဖြစ်သည်။ ပြေတီဦး၊ အိန္ဒြာကျော်ဇင်၊ ပုလဲဝင်းတို့၏ **ချောကလက်အချစ်** ဒီဗွီဒီဇာတ်ကားမှာ စံပြ၊ ရွှေမန်းသီတာ၊ ဝဇီရာနှင့် မြရတနာတို့တွင် ပြသမည်ဖြစ်သည်။

လာမည့် ဇူလိုင် ပထမပတ်တွင် ပြေတီဦး၊ စိုင်းစိုင်းခမ်းလှိုင်၊ သက်မွန်မြင့်၊ ရဲအောင်၊ ထွန်းထွန်းဝင်း၊ မျိုးသန္တာထွန်းနှင့် စိုးမိုးကြည်တို့ ပါဝင်သရုပ်ဆောင်ထားသည့် **အာဒမ်ရယ် ဧဝရယ် ဒသရယ်** မြန်မာဇာတ်ကားသစ်ရုံတင်ပြသမည် ဖြစ်သည်။

နိုင်ငံခြားရုပ်ရှင်

သွင်ရုံတွင် အေဒီ ၉၆၅ ခုနှစ် နတ်ဘုရားများ ကိုးကွယ်မှုခေတ်မှ လူစွမ်းကောင်းတစ်ဦးဖြစ်သည့် အက်စ်ဂတ်ပြည့်ရှင် အိုဒင်း၏သားတော် သော်ရ်၏ လူ့ပြည်သို့ လူယောင်ဖန်ဆင်းပြီး သွားရောက်နေထိုင်ပုံကို ဇာတ်လမ်းဆင်ရိုက်ကူးထားသည့် THOR ဇာတ်ကားပြသမည်ဖြစ်ပြီး မင်္ဂလာရုံတွင် အိန္ဒိယဇာတ်လမ်းကောင်း ကြည့်ရှုလိုသူ ပရိသတ်များအတွက် ရှေးဟောင်းဒဏ္ဍာရီလာ အိန္ဒိယဇာတ်ကား RAAVANAN ပြသမည်ဖြစ်သည်။ ရှေ့ဆောင်ရုံတွင်မူ ထာဝရနုပျိုစေသောရေပန်းကို ရှာဖွေသည့် ကပ္ပတိန်တစ်ဦး၏ ပင်လယ်ခရီးသွားဇာတ်လမ်းဖြစ်သော **PIRATES OF THE CARIBBEAN** ဇာတ်ကားနှင့် နေပြည်တော်ရုံတွင် **FAST FIVE** ဇာတ်ကြမ်းကားများ ပြသမည်ဖြစ်သည်။

PIRATES OF THE CARIBBEAN ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

ညအချိန် အိမ်ပေါ်တက်လုယက်မှု ဖြစ်ပွား

တွံတေး ဇွန် ၂၃

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် သဝန်းတောကျေးရွာအုပ်စု ကွဲသလင်းကျေးရွာတွင် ဇွန် ၁၄ ရက်ညက လုယက်မှုတစ်ခု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ကွဲသလင်းကျေးရွာတွင် တစ်ဦးတည်းနေထိုင်၍ အိမ်ဈေးဆိုင်ဖွင့်လှစ်ရောင်းချသူ ဒေါ်တင်စန်း(၅၃)နှစ်သည် ဇွန် ၁၄ ရက်ညက အိပ်ပျော်နေစဉ် ည ၁၁နာရီခွဲတွင် အခန်းတံခါးတွန်းဖွင့်ဝင်လာသည့် မျက်နှာအဝတ်စည်းပုံဖျက်ထားသူတစ်ဦးက အသွားနှစ်ဖက်ပါဓားဖြင့်ထောက်၍ ရွှေထည်ပစ္စည်းနှင့် ငွေထုတ်ပေးရန်တောင်းရာ ဒေါ်တင်စန်းမှာ ကြောက်လန့်၍ ဓားကိုလက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်တွန်းသဖြင့် လက်တွင်ပြတ်ရှဒဏ်ရာများ ရရှိခဲ့သည်။

၎င်းတွင် ရွှေထည်ပစ္စည်းနှင့် ငွေများမရှိပါကြောင်းနှင့် နားတွင်ပန်ထားသည့် ရွှေနားကပ်တစ်စုံနှင့် ငွေကျပ်ငါးထောင်သာရှိ၍ ယူပါရန်နှင့် အသက်ကိုချမ်းသာပေးပါရန် တောင်းပန်ပြီး ရွှေနားကပ်ကို ချွတ်ပေးခဲ့ရကြောင်း၊ လုယက်သူမှာ ဒေါ်တင်စန်းအား အိမ်ခန်းအတွင်း ဝင်နေရန်နှင့် မအော်ရန်ပြောပြီး အော်ဟစ်အကူအညီတောင်းပါက သတ်ပစ်မည်ပြော၍ အိမ်ပေါ်မှ ထွက်ခွာသွားကြောင်း ဒေါ်တင်စန်းက တွံတေးမြို့နယ် ရဲတပ်ဖွဲ့စခန်းသို့ ဇွန် ၁၅ ရက်တွင် အမှုဖွင့် တိုင်ကြား ခဲ့သည်။

တွံတေးရဲတပ်ဖွဲ့စခန်းက အမှုကို ပ/၂၁၅/၂၀၁၁ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၄ အရ အမှုဖွင့်ခဲ့ပြီး ပြစ်မှုကျူးလွန်သူအား စုံစမ်းဆောင်ရွက်လျက်ရှိသည်။

(၅၉၄)

ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်၊ ခြောက်ဦးဒဏ်ရာရ

မိတ္ထီလာ ဇွန် ၂၃

မိတ္ထီလာမြို့ အောင်ဆန်းရပ်ကွက်နယ်မြေ အထက(၄)ကျောင်းအနီးတွင် ဇွန် ၇ ရက်နေ့ ညနေ ၅ နာရီ မိနစ် ၃၀ ခန့်က ဆိုင်ကယ်နှစ်စီးမျက်နှာချင်းဆိုင်တိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ နန်းတော်ကုန်းရပ်ကွက်နေ ဦးလှမြင့်ဦး အသက်(၃၀)နှစ်(ကိုယ်တိုင်စီး)နှင့် အဖော်ဖြစ်သူ ဦးထွန်းနိုင်တို့ မြို့ထဲမှ မုန်တိုင်ကျေးရွာဘက်သို့ စီးနင်းလာသည့် ဆိုင်ကယ်(ကမ်ဘိုအမျိုးအစား)နှင့် ဂွေးချိုကျေးရွာနေ ဦးမောင်ငယ်(အသက်(၅၆)နှစ်(ကိုယ်တိုင်စီး)နှင့် အဖော်ဖြစ်သူ သုံးဦးတို့ မြို့ထဲသို့ စီးနင်းလာသည့် ဆိုင်ကယ်(လော့ဂျာအမျိုးအစား)တို့မှာ အရှိန်မထိန်းနိုင်ဘဲ မျက်နှာချင်းဆိုင်ဝင်တိုက်ရာ ဦးလှမြင့်ဦးတို့ စီးနင်းလာသည့် လော့ဂျာဆိုင်ကယ်သည် ရှေ့ဘီးကျွတ်သွားကာ ယာဉ်တိုက်မှုတွင်ပါဝင်သူ ခြောက်ဦးစလုံး ထိခိုက်ဒဏ်ရာရရှိသွားသောကြောင့် မြို့နယ်အရေးပေါ်ပြင်ပလူနာ ကုသဆောင်၌ ဆေးကုသမှုခံယူလျက်ရှိသည်။ ၎င်းယာဉ်တိုက်မှုနှင့်ပတ်သက်ပြီး မိတ္ထီလာအမှတ်(၁)ရဲစခန်းက မှုခင်းဖြစ်စဉ်အတိုင်း တရားစွဲဆိုအရေးယူနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

(၅၇၉)

ငွေကျပ် ၁၂၇ သိန်း၊ လက်ကိုင်ဖုန်းနှင့် ကင်မရာခိုးသူများအား ဖမ်းဆီးရမိ

ရန်ကုန် ဇွန် ၂၃

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်နေ ဦးသိန်းထွေးက မေ ၂၅ ရက်တွင် ငွေကျပ် ၁၂၇ သိန်း၊ လက်ကိုင်ဖုန်း နှစ်လုံးနှင့် ကင်မရာတစ်လုံးတို့ ပျောက်ဆုံးနေသဖြင့် စုံစမ်းဖော်ထုတ်အရေးယူပေးရန် အမှတ်(၈)ရဲစခန်းသို့ တိုင်ကြားခဲ့သည်။

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ဝင်များသည် နယ်မြေသတင်းစုံစမ်းနေစဉ် မေ ၂၉ ရက် ညနေ ၆ နာရီခွဲတွင် မန္တလေး ဘူတာကြီး၌ အောင်ထွေး(ခ) မိုးမောင်နှင့် ရန်နိုင်စိုး(ခ) ရန်နိုင်တို့အား ခေါ်ယူစစ်ဆေးခဲ့ရာ ၎င်းတို့နှစ်ဦးသည် သူငယ်ချင်းဖြစ်သူ အောင်ကိုဇင်(ခ)ပိုင်ပိုင်၊ ထိန်လင်းဝေ(ခ)ဇင်မင်းထွန်းတို့နှင့်အတူ မေ ၂၅ ရက် နံနက် ၄ နာရီခန့်က ဦးသိန်းထွေး၏နေအိမ်မှ ငွေကျပ်သိန်း ၁၂၀ ကျော်နှင့် လက်ကိုင်ဖုန်းနှစ်လုံး၊ ကင်မရာတစ်လုံးတို့ကို ခိုးယူခဲ့ပြီး ငွေများကို ခွဲဝေယူခဲ့ကြကြောင်း စစ်ဆေးဖော်ထုတ်သိရှိရသည်။

စစ်ဆေးဖော်ထုတ်ချက်များအရ အောင်ထွေး (ခ)မိုးမောင်ထံမှ ခိုးယူရရှိသော ငွေများဖြင့် ဝယ်ယူထားခဲ့သော KENBO 125 အမျိုးအစား ဆိုင်ကယ်တစ်စီး၊ ရန်နိုင်စိုး(ခ) ရန်နိုင်ထံမှ SKYGO 125 အမျိုးအစား ဆိုင်ကယ်တစ်စီး၊ Panasonic အမျိုးအစား ဒီဂျစ်တယ်ကင်မရာ တစ်လုံး၊ ရွှေထည်ပစ္စည်း လေးမျိုး၊ ငွေကျပ်တစ်သိန်းနှင့် ရွှေဝယ်ဘောက်ချာ ငါးစောင်၊ အောင်ကိုဇင်(ခ) ပိုင်ပိုင်ထံမှ ANBO 125 အမျိုးအစား ဆိုင်ကယ်တစ်စီး၊ ရွှေထည်ပစ္စည်း လေးမျိုး၊ ရွှေဝယ်ဘောက်ချာလေးရွက်နှင့် ငွေကျပ်လေးသိန်းတို့ကို သက်သေများရှေ့တွင် သိမ်းဆည်းရမိခဲ့သည်။

ပြစ်မှုကျူးလွန်သူများအား ထိရောက်သော ပြစ်ဒဏ်ကျခံရေးအတွက် သက်ဆိုင်ရာရဲတပ်ဖွဲ့က အရေးယူဆောင်ရွက်လျက်ရှိသည်။

(ဝင်းဝင်းမော်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ယနေ့ပြည်တွင်းပြည်ပသတင်းအညွှန်း

အာဆီယံ-ရုရှား စွမ်းအင်ပူးပေါင်းဆောင်ရွက်ရေး အပြန်အလှန်ဆွေးနွေး (သတင်း) စာမျက်နှာ - ၃

လမ်းအပိုင်းများ တစ်နှစ်အတွင်း ပျက်စီးမှုမရှိအောင် ပီပီပြင်ပြင်ဆောင်ရွက် (သတင်း) စာမျက်နှာ - ၅

အမေရိကန်နှင့် မက္ကဆီကို ကွန်ကာကပ်ဖ် ရွှေဖလား ဗိုလ်လုမည်

(သတင်း) စာမျက်နှာ - ၁၀

ဂျပန်သို့ သွားရောက်ဖျော်ဖြေရန် အဆင်သင့်ဖြစ်နေသည့် ပေါ့ပ်ဂီတအဖွဲ့ (သတင်း) စာမျက်နှာ - ၇

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၃-၆-၂၀၁၁

ပေါင်	၄ ဒသမ ၀၅ လက်မ
သံတွဲ	၂ ဒသမ ၇၅ လက်မ
သထုံ	၂ ဒသမ ၇၁ လက်မ
သိမ်ဇရပ်	၂ ဒသမ ၆၈ လက်မ
ရန်ကုန်(ကမ္ဘာအေး)	၂ ဒသမ ၆၄ လက်မ
ရန်ကုန်(မြို့လယ်)	၂ ဒသမ ၅၂ လက်မ
စစ်တွေ	၂ ဒသမ ၃၃ လက်မ
ဘားအံ	၂ ဒသမ ၁၃ လက်မ
ကော့ကရိတ်	၂ ဒသမ ၁၃ လက်မ

အင်တာနက်စွမ်းအင် နည်းပညာသတင်း

ဘာသာပြန် - သတင်းလုလင်

ကမ္ဘာ့အကြီးဆုံး နေစွမ်းအင်စီမံကိန်း ကာလီဖိုးနီးယားပြည်နယ်၌ စတင်

လော့စ်အိန်ဂျလိစ် ဇွန် ၂၃

ကမ္ဘာ့အကြီးဆုံး နေစွမ်းအင်ထုတ်လုပ်ရေး စီမံကိန်းတစ်ရပ်ကို အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ်တောင်ပိုင်း ရေးဗားဆိုက် စီရင်စု၌ ဇွန် ၁၇ ရက်တွင် စတင်လိုက်ပြီဖြစ်သည်။

အဆိုပါစီမံကိန်းအရ ၂၀၂၀ ပြည့်နှစ်ထက် နောက်မကျဘဲ ကာလီဖိုးနီးယားပြည်နယ်အတွက် ထောက်ပံ့ပေးမည့် စွမ်းအင်ပမာဏ၏ ၃၃ ရာခိုင်နှုန်းကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်များမှ ရရှိနိုင်ရန် အထောက်အကူပေးမည်ဖြစ်သည်။

ကမ္ဘာ့အကြီးဆုံး နေစွမ်းအင်ထုတ်လုပ်ရေး စီမံကိန်းအတွက် အမေရိကန်ဒေါ်လာ လေးဘီလီယံ ကျခံသုံးစွဲရမည်ဟု မျှော်လင့်ရသည်။

Blythe နေစွမ်းအင်စီမံကိန်းဟု အမည်ပေးထားသော စီမံကိန်းအရ လျှပ်စစ်ဓာတ်အား ၂၄၂ မဂ္ဂါဝပ်စီ ထုတ်လုပ်ပေးနိုင်မည့် လျှပ်စစ်ဓာတ်အား စက်ရုံလေးရုံကို တည်ဆောက်မည်ဖြစ်သည်။

ကမ္ဘာ့အကြီးဆုံး နေစွမ်းအင်စက်ရုံစီမံကိန်းအတွက် ဆိုလာပြားများ တပ်ဆင်နေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နေစွမ်းအင်ထုတ်လုပ်ရေးလုပ်ငန်း စတင်သည့်အခါ နှစ်စဉ် နေအိမ်အလုံးပေါင်း ၃၀၀၀၀၀ အတွက် လိုအပ်မည့် လျှပ်စစ်ဓာတ်အားကို ထောက်ပံ့ပေးနိုင်မည်ဖြစ်သည်။

Blythe စီမံကိန်းကို Solar Millennium ကုမ္ပဏီနှင့် Chevron ကုမ္ပဏီတို့က ပူးတွဲအကောင်အထည်ဖော်မည်ဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၄ သို့ ❖